ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

ရာသီဥတုအနေအထားမမှန်၊
အစားအသောက်တွေက ဖောက်လွဲဖောက်ပြန်ဖြစ်နေတဲ့
ဒီကနေ့အတွက် လိုအပ်နေတဲ့ကျမ်းပါ။
မြန်မာစကားပြေရှင်းရှင်းနှင့် ရေးထားတာပါ။
ဖတ်ရမှတ်ရလွယ်ပါတယ်။
အစားအစာ အာဟာရပိုင်းသာမက
ရေချိုး, သွားတိုက်, ရေပူရေအေး သုံးတာအထိပါတဲ့ ကျမ်း။

# ဥတုဘောဇနသင်္ဂဟကျမ်း

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်အရာရှိ
ယောမြို့စား အမတ်ကြီး အတွင်းဝန်
ဦးဘိုးလှိုင်



mgyoe.com

ပန်းရွှေပြည် ဒုတိယအကြိမ်

# ပန်းရွှေပြည်တိုက်ထုတ်စာအုပ်များ



mgyoe.com SAMPLE BOOK

တန်ဖိုး
၆၅၀၀ ကျပ်

အုပ်ရေ
၅၀၀ အုပ်

ပထမအကြိမ်
၂၀၁၆ ခုနှစ် မတ်လ

မျက်နှာဖုံး
မင်းဟန်

ထုတ်ဝေသူ
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းထွန်း (၀၅၀၂၇)
သန်းထွန်းပုံနှိပ်တိုက်
အမှတ် ၁၀၁၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

စာအုပ်ချုပ်
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် အရာရှိ
ယောမြို့စား အမတ်ကြီး အတွင်းဝန်

ဦးဘိုးလှိုင်

# ဥတုဘောဇနသင်္ဂဟကျမ်း

mgyoe.com

mrgyoe.com SAMPLE BOOK

## မာတိကာ


* ယောမင်းကြီး၏ မြန်မာ့အာဟာရသိပ္ပံကျမ်း ၁၁
ဦးအေးချို(မဟာဝိဇ္ဇာ)
* ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိ ၄၇
- ယောမြို့စား၏ ရာထူးဂုဏ်နှင့် ပြုစုသောကျမ်းများ ၅၁
- ယောမြို့စား၏ ကိုယ်ရည်ကိုယ်သွေး ၅၇
- ယောမြို့စား၏ကောင်းမှုများ ၅၈
* ပဏာမနှင့် ပဋိညာဉ် ၆၃

* အပိုင်း ၁ - ပထမကဏ္ဍ ၆၅
ဥတုနှင့် အရပ်ဒေသကို ပြခြင်း
၁- ဥတု ၆ ပါး ၆၅
၂- နက္ခတ္တကနှစ်, အယနနှစ် ၆၆
၃- ဥတုရတု ယူပုံ ၆၉
၄- ဥတု ၆ ပါး၌ ရှောင်ရန် အကျဉ်း ၇၀
၅- ဥတု ၆ ပါး၌ ရှောင်ရန် အကျယ် ၇၁
၆- နေသွားလမ်း စွဲ၍ ပူခြင်း,အေးခြင်း ၇၅
၇- ဒေါသ ၃ ပါး-ငုပ်,ပျက်,ငြိမ် ၇၇
၈- အရပ် ၃ ပါးနှင့် အနာဖြစ်ပုံ ၇၈


mgyoe.com

mgyoe.com SAMPLE BOOK


* အပိုင်း ၂ - ဒုတိယကဏ္ဍ ၈၃
အသက်အရွယ်, ကိုယ်ပုံကို ပြခြင်း
၉- ဆေးကျမ်းအလို အရွယ် ၃ ပါး ၈၃
၁၀- အရွယ် ၁၀ ပါး ပိုင်းခြားပုံ ၈၄
၁၁- ခန္ဓာကိုယ် အပိုင်း,အဝအလိုက် ဥပဒ်ဖြစ်တတ်ပုံ ၈၇

* အပိုင်း ၃ - တတိယကဏ္ဍ ၈၉
အသက်ရှည်ရာအကျင့်ကို ပြခြင်း
၁၂- ဗြဟ္မမုဟုတ္တအခါ၌ ပြုကျင့်ဖွယ် ၈၉
၁၃- ဒန်ပူအမျိုးမျိုးတို့၏ အကျိုး,အပြစ် ၉၀
၁၄- လုတ်ဆေးခြင်းအကျိုး ၉၂
၁၅- အားကစားပြုလုပ်ချိန်နှင့် ရှောင်ကြဉ်ချိန် ၉၄
၁၆- ဆီ,နံ့သာမွှေး လိမ်းကျံခြင်းတို့၏အကျိုး ၉၅
၁၇- ချေးတွန်းခြင်း စသည်တို့၏အကျိုး ၉၆
၁၈- ဥတုအလိုက် ဝတ်ရုံခြင်း ၉၈
၁၉- ဥတုအလိုက် လိမ်းခြင်း ၉၈
၂၀- နေ့နံအလိုက် ရတနာတို့ကို ဝတ်ဆင်ရကျိုး ၉၉
၂၁- အစားစားရာ၌ ဒေသ,ကာလ-၂ ပါးကို ဆင်ခြင်ရန် ၁၀၁
၂၂- ထမင်းစားပြီးစ၌ နေထိုင်ပုံအလိုက် အကျိုးများ ၁၀၈
၂၃- ခုတင်,မွေ့ရာ စသည်တို့၏ အကျိုး,အပြစ် ၁၀၉
၂၄- အဆင်းလှပခြင်းအကြောင်း ၁၁၄
၂၅- လရောင် အစရှိသည်တို့၏အကျိုး ၁၁၅
၂၆- အိပ်ပျော်ဆေးနှင့် အသက်ရှည်ရာ အနာကင်းကြောင်းအကျင့် ၁၁၅


mgyoe.com

mgyoe.com SAMPLE BOOK

* အပိုင်း ၄ - စတုတ္ထကဏ္ဍ ၁၂၁
ရသ,ဝိပါက စသည်ကို ပြခြင်း
၂၇- ရသ ၆ ပါး၌ အကျိုး,အပြစ် ၁၂၁
၂၈- ဝိပါက ၃ ပါး၌ အကျိုး,အပြစ် ၁၂၅
၂၉- ဂုဏ် ၁၈ ပါး အကျိုး,အပြစ် ၁၂၇
၃၀- ကိစ္စ ၂ ပါး၌ အကျိုး,အပြစ် ၁၂၉
၃၁- ဓာတ်စာကို ပယ်၍၊ သတ္တိ ၂၆ ပါးကို ပြခြင်း ၁၃၂

* အပိုင်း ၅ - ပဥ္စမကဏ္ဍ ၁၃၅
ဆန့်ကျင်ဘက်အစာကို ပြခြင်း
၃၂- ဖက်စပ်၍ မစားကောင်းသောအစာများ ၁၃၅
၃၃- ဆား၌ အချဉ်ဓာတ်ရှိပုံ ၁၄၂

* အပိုင်း ၆ - ဆဋ္ဌကဏ္ဍ ၁၄၅
စပါးမျိုး,ပဲမျိုးတို့၏ဂုဏ်ကို ပြခြင်း
၃၄- စပါးအမျိုးမျိုးတို့၏ အကျိုး,အပြစ် ၁၄၅
၃၅- ကုစည စပါးမျိုး ၁၄၇
၃၆- ဂျုံတို့၏ ဂုဏ် ၁၄၉
၃၇- လူး၏ ဂုဏ် ၁၅၀
၃၈- ဆပ်၏ ဂုဏ် ၁၅၀
၃၉- နှံစားပြောင်း၏ ဂုဏ် ၁၅၁
၄၀- နတ်စပါး အကြီး,အငယ်-၂ မျိုးတို့၏ ဂုဏ် ၁၅၁
၄၁- ပြောင်းဖူး၏ ဂုဏ် ၁၅၂
၄၂- ပဲသီ,ပဲနောက်မျိုးတို့၏ ဂုဏ် ၁၅၃
၄၃- မတ်ပဲ၏ ဂုဏ် ၁၅၄
၄၄- မတ်ပဲကြီးမျိုး၏ ဂုဏ် ၁၅၄
၄၅- ပဲဒလက်သီး၏ ဂုဏ် ၁၅၅
၄၆- ပဲရာဇာ၏ ဂုဏ် ၁၅၅

mgyoe.com

mgyoe.com SAMPLE BOOK

၄၇- ပဲစဉ်းငုံ၏ ဂုဏ် ၁၅၅
၄၈- ကုလားပဲ၏ ဂုဏ် ၁၅၆
၄၉- ပဲစာဥ၏ ဂုဏ် ၁၅၆
၅၀- ပဲပိစပ်၏ ဂုဏ် ၁၅၆
၅၁- နှမ်း ၃ မျိုး၏ ဂုဏ် ၁၅၇
၅၂- ဘီသွာစေ့၏ ဂုဏ် ၁၅၇
၅၃- ရှမ်းနှမ်း၏ ဂုဏ် ၁၅၈
၅၄- မုန်ညင်း ၂ မျိုးတို့၏ ဂုဏ် ၁၅၈
၅၅- ဆူးပန်းစေ့၏ ဂုဏ် ၁၅၉
၅၆- ခွေးငယ်၏ ဂုဏ် ၁၅၉
၅၇- ဆေးကျမ်းအရ ထမင်းချက်ပုံနှင့် ထမင်းရည်၏ ဂုဏ် ၁၆၀
၅၈- ဆန်ပြုတ် စသည်တို့၏ ဂုဏ် ၁၆၃
၅၉- စောတ်ပြုတ်ယူသ ၁၆၆

* အပိုင်း ၇ - သတ္တမကဏ္ဍ ၁၆၉
ရေတို့၏ ဂုဏ်ကိုပြခြင်း
၆၀- ရေအမျိုးမျိုးတို့၏ ဂုဏ် ၁၆၉
၆၁- ကုတ်လုပ်လေးတာကို ပြခြင်း ၁၇၆
၆၂- ရေအမျိုးမျိုးတို့၏ အကျိုး၊အပြစ် ၁၇၉
၆၃- သင့်၊မသင့်ရေများ ၁၈၆
၆၄- အဂတ္တိကြယ်များ ၁၈၇
၆၅- ရေအေးအစွမ်း ၁၈၉
၆၆- ဥတုအားလျော်စွာ ရေနွေးသောက်ခြင်းအကျိုး ၁၉၀
၆၇- ရေကိုစင်ကြယ်အောင်လုပ်ငန်း ၁၉၃
၆၈- အခိုး ၂ မျိုးတို့၏ ဖြစ်ရာအရပ်နှင့် သတ္တိဂုဏ် ၁၉၅
၆၉- ရေအေး၊ရေနွေး ချိုးခြင်း၊ ခေါင်းလျှော်ခြင်းဂုဏ် ၁၉၉
၇၀- အုန်းရည်၊ ထန်းသီးနုရည် ၂၀၁

mgyoe.com

mgyee.com SAMPLE BOOK


* အပိုင်း ၈ - အဋ္ဌမကဏ္ဍ ၂၀၃

နို့မျိုးတို့၏ ဂုဏ်ကိုပြခြင်း

၇၁- နို့အမျိုးမျိုးတို့၏ ဂုဏ် ၂၀၃

* အပိုင်း ၉ - နဝမကဏ္ဍ ၂၁၃

နို့ခမ်းတို့၏ ဂုဏ်ကိုပြခြင်း

၇၂- 'ခီရသာက' မည်သော နို့မျိုးတို့၏ဂုဏ် ၂၁၃

၇၃- နို့ရှိဝတ္ထု ခွဲထုတ်နည်း ၂၁၄

၇၄- သုက်ကို ပွားစေတတ်သောဂုဏ် ၂၁၅

၇၅- မုချနို့ခမ်းအမျိုးမျိုး ၂၁၈

* အပိုင်း ၁၀ - ဒသမကဏ္ဍ ၂၂၃

တက္ကတို့၏ ဂုဏ်ကိုပြခြင်း

၇၆- တက္က ၅ မျိုးတို့၏ဂုဏ် ၂၂၃

၇၇- စားဖွယ်လုပ်နည်း ရသာလအမျိုးမျိုး ၂၂၆

* အပိုင်း ၁၁ - ဧကာဒသမကဏ္ဍ ၂၂၇

နဝနီတို့၏ ဂုဏ်ကိုပြခြင်း

၇၈- နီဝနီတစ်မျိုး၏ ဂုဏ် ၂၂၇

* အပိုင်း ၁၂ - ဒွါဒသမကဏ္ဍ ၂၂၉

ထောပတ်မျိုးတို့၏ ဂုဏ်ကိုပြခြင်း

၇၉- ထောပတ်၏ ရသာယနအကျိုးဂုဏ် ၂၂၉

* အပိုင်း ၁၃ - တေရသမကဏ္ဍ ၂၃၅

ဆီမျိုးတို့၏ ဂုဏ်ကိုပြခြင်း

၈၀- ဆီအမျိုးမျိုးတို့၏ ဂုဏ် ၂၃၅

၈၁- ခြေကို ဆီလိမ်းနယ်ခြင်း အကျိုးဂုဏ် ၂၄၂

၈၂- နားကို ဆီမပြတ်ခတ်ခြင်း အကျိုးဂုဏ် ၂၄၄


mgyee.com

mgyoe.com SAMPLE BOOK


* အပိုင်း ၁၄ - စုဒ္ဒသမကဏ္ဍ ၂၄၅
ပျားရည်မျိုးတို့၏ ဂုဏ်ကိုပြခြင်း
၈၃- ပျားရည်အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၂၄၅

* အပိုင်း ၁၅ - ပန္နရသမကဏ္ဍ ၂၅၁
ကြံမျိုး၊ သကာမျိုးတို့၏ ဂုဏ်ကိုပြခြင်း
၈၄- ကြံအမျိုးမျိုးတို့၏ အကျိုးဂုဏ် ၂၅၁
၈၅- အမြစ်မျိုး ၅ ပါးတို့၏ ဂုဏ် ၂၅၃
၈၆- ကြံရည်တို့၏ အကျိုး၊အပြစ်ဂုဏ် ၂၅၄
၈၇- ကြံရည်ကို အသုံးပြုရာ၌ အယူအဆ မတူကြပုံ ၂၅၅
၈၈- 'ဖာဏိတ'စသော သကြားအမျိုးမျိုးတို့၏ ဂုဏ် ၂၅၆
၈၉- သကြားဖြူ ၂၅၈
၉၀- ဖျော်ရည်လုပ်နည်း ၂၅၉

* အပိုင်း ၁၆ - သောဠသမကဏ္ဍ ၂၆၃
သန္ဓာနမျိုးတို့၏ ဂုဏ်ကိုပြခြင်း
၉၁- အသီး၊အပွင့်၊အရွက်၊အမြစ်ကိုစု၍ ပုန်းရည်လုပ်နည်း ၂၆၃
၉၂- သိုးဆောင်းပုန်းရည်လုပ်နည်း ၂၆၇
၉၃- သိုးဆောင်းပုန်းရည်စိမ်ရည်တို့၏ အကျိုးဂုဏ် ၂၆၉
၉၄- ဗျစ်ခါးလုပ်နည်း ၂၇၁
၉၅- ပန်းပွင့်သည် အဖို၊အမ-၂ မျိုးရှိ၏။ ၂၇၁
၉၆- တရုတ်၊ချင်း၊ကရင်ဆေးကျမ်းမှာ သုရာမျိုး၊မေရယမျိုးခွဲပုံ ၂၇၂

* အပိုင်း ၁၇ - သတ္တရသမကဏ္ဍ ၂၇၅
ကျင်ငယ်မျိုးတို့၏ ဂုဏ်ကိုပြခြင်း
၉၇- ကျင်ငယ်အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၂၇၅


mgyoe.com

mgyoe.com SAMPLE BOOK


✱ အပိုင်း ၁၈ - အဋ္ဌာရသမကဏ္ဍာ ၂၇၉
အသားမျိုးတို့၏ ဂုဏ်ကိုပြခြင်း
၉၈- အသားအမျိုးမျိုးတို့၏ အကျိုးဂုဏ် ၂၇၉
၉၉- ဇင်္ဂလသားမျိုး ၈ မျိုး ၂၈၁
၁၀၀- အနုပသားမျိုး ၅ ပါး ၂၉၃
၁၀၁- အသားမျိုးတို့၏ ဂုဏ်အထွေထွေ ၃၀၆

✱ အပိုင်း ၁၉ - ဧကူနဝီသတိမကဏ္ဍာ ၃၁၁
အသီးမျိုးတို့၏ ဂုဏ်ကိုပြခြင်း
၁၀၂- အသီးအမျိုးမျိုးတို့၏ အကျိုးဂုဏ် ၁၁၁

✱ အပိုင်း ၂၀ - ဝီသတိမကဏ္ဍာ ၃၄၅
သာကမျိုးတို့၏ ဂုဏ်ကိုပြခြင်း
၁၀၃- ချက်စားကောင်းသော အသီး,အရွက်တို့၏ အကျိုးဂုဏ် ၃၄၅
၁၀၄- အပွင့်,အဖူး အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၃၅၆
၁၀၅- အသီးအနု,အရင့် အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၃၅၈
၁၀၆- အရိုး အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၃၆၅
၁၀၇- အညှောက်အမျိုးမျိုးတို့၏ အကျိုးဂုဏ် ၃၆၅
၁၀၈- ဥ,အမြစ်တို့၏ အကျိုး,အပြစ် ၃၆၆
၁၀၉- အပွင့်,ရေညှိ,ရေမှော်-၃ မျိုးတို့၏ အကျိုး,အပြစ်များ ၃၇၀
၁၁၀- နှင်းဆီပင်မျိုးတို့၏ အကျိုးဂုဏ် ၃၇၁

✱ ကျမ်းနိဂုံး ၃၇၃


mgyoe.com

mgyoe.com


# ယောမင်းကြီး၏
# မြန်မာ့အာဟာရသိပ္ပံကျမ်း

ဦးအေးချို(မဟာဝိဇ္ဇာ)

၁၉ ရာစုအစ–ဒုတိယ ၁၀စုနှစ် လွန်ကာလကတည်းက မြန်မာ့သမိုင်း၏ တည်ငြိမ်အေးချမ်းမှုတို့ ယိမ်းယိုင်စ ပြုလာသည်။ အိန္ဒိယကို သိမ်းပိုက်ထားပြီးဖြစ်သော ဗြိတိသျှတို့သည် နယ်စပ်ဒေသများဖြစ်သော ရခိုင်အရေး၊ အာသံအရေး၊ မဏိပူရအရေးတို့ကြောင့် မြန်မာမင်းနှင့် ဆက်ဆံရေး မညီမညွတ်ဖြစ်လာသည်။ ထိုကာလက မြန်မာ့ထီးနန်းကို ဘကြီးတော်မင်းတရားက စိုးစံထားသည်။ မြန်မာ့နန်းတွင်းရေးအခြေအနေမှာလည်း စည်းစည်းလုံးလုံး မရှိလှချေ။ မိဖုရားကြီးမယ်နုနှင့် ၎င်း၏မောင် စလင်းမင်းသားကြီး မောင်အိုတို့က ခြယ်လှယ်နေကြသည်။ နယ်ပယ်ချဲ့ထွင်လိုသောဆန္ဒ ပြင်းပြနေကြသည့် ဗြိတိသျှတို့သည် အကြောင်းပြချက်များစွာတို့ဖြင့် မြန်မာနိုင်ငံကို စစ်ပြုလာသည်။ ဤသို့ဖြင့် အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲဖြစ်ခဲ့ရသည်။ ၁၈၂၆ ခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရန္တပိုစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ရပြီး၊ ရခိုင်နှင့် တနင်္သာရီကို ပေးလိုက်ရသည်။

ပထမစစ်ပွဲကို အောင်နိုင်ခဲ့သော ဗြိတိသျှတို့သည် စစ်နိုင်သူတို့သဘာဝအတိုင်း ဒုတိယစစ်ပွဲကို လှမ်းနိုင်ရန် ပြင်ဆင်ကြပြန်သည်။ မြန်မာ့ထီးနန်းအတွင်းတွင်လည်း အားနည်းချက်များ အပြည့်ရှိနေသည်။ အုပ်ချုပ်သူ ပုဂံမင်းကိုယ်တိုင်က တိုင်းနိုင်ငံအုပ်ချုပ်ရေးတွင် စိတ်ဝင်စားမှု မရှိ။ ပျော်ပါးမှုတို့၌သာ အာရုံဝင်စားနေသည်။ ကြက်တိုက်၊ ချိုးတိုက်၊ နွားတိုက်ပွဲတို့၌သာ ဝါယမစိုက်နေပြီး မြို့ဝန်ဘိုင်ဆတ်ကို တိုင်းပြည်အုပ်ချုပ်ရေး အပ်ထားရသည်။ ဘိုင်ဆတ်


mgyoe.com

mgyoe.com SAMPLE BOOK


သည် မြန်မာလူမျိုး မဟုတ်၊ လူမျိုးခြား ကုလား ဖြစ်သည်။ ထိုသို့သောခေတ်တွင် ဗြိတိသျှတို့က အကြောင်းအမျိုးမျိုးပြပြီး စစ်ပွဲနွဲပြန်သည်။ ဤသို့ဖြင့် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ရပြန်သည်။ ခရစ်နှစ် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလတွင် ပဲခူးနှင့် မုတ္တမဒေသတို့ကို အင်္ဂလိပ်ကသိမ်းပိုက်ကြောင်း ကြေညာလိုက်သည်။

ပုဂံမင်း၏ အမှုထမ်းတို့က မင်းတုန်းမင်းသားအပေါ် အမျိုးမျိုးသောစွပ်စွဲမှုများ ပြုလုပ်လာသောကြောင့် မင်းတုန်းမင်းသားသည် ၄င်း၏ညီတော် ကနောင်မင်းသားနှင့် နောက်ပါ လက်စွဲတော်များကို ခေါ်၍ ရွှေဘို ထွက်ပြီး အင်အားစုဆောင်းသည်။ အင်အားပြည့်စုံလာသောအခါ ပုဂံမင်းကို ပြန်လည်တွန်းလှန်ပြီး ထီးနန်း ရယူခဲ့သည်။ မင်းတုန်းမင်းသား မင်းအဖြစ် ရသောအခါ ၄င်းနှင့်အတူ လက်ရုံးအားညီညွတ်စည်းရုံးခဲ့သော ညီတော်ကနောင်မင်းသားကို အိမ်ရှေ့ဥပရာဇာအဖြစ် နေရာပေးသည်။

အင်္ဂလိပ်တို့နှင့် စစ် ၂ ကြိမ် ဖြစ်ပွားခဲ့ရာတွင် မြန်မာတို့သည် စိတ်ဓာတ်အင်အားနှင့် ရဲစွမ်းသတ္တိ၌ ယှဉ်နိုင်သော်လည်း လက်နက်အင်အား၌ မယှဉ်နိုင်ကြောင်း တွေ့လာကြသည်။ မြန်မာများသည် မိမိပြည်တွင်း၌သာ ခုံမင်မွေ့လျော်နေကြသောကြောင့် ပြင်ပကမ္ဘာ၏ တိုးတက်မှုတို့ကို မတွေ့မမြင်ဘဲ ကင်းကွာနေကြသည်။ ဤအခြေအနေကို ကနောင်မင်းသားက နားလည်သောကြောင့် စက်မှုလက်မှုနှင့် နည်းပညာများလေ့လာရန် နိုင်ငံခြားသို့ ပညာသင်များကို စေလွှတ်သည်။ ကိုယ်တိုင်လည်း နိုင်ငံအတွင်း၌ စက်မှုလက်မှုလုပ်ငန်းများ တည်ဆောက်ကာ ခေတ်ကို အတင်းပြောင်းရန် ကြိုးစားလာသည်။

ကုန်းဘောင်ခေတ်နှောင်းကာလတွင် ခေတ်ကို အတင်းပြောင်းရန် ကြိုးစားခဲ့သူများကို ဆရာဇေယျ^၁က ဤသို့မှတ်တမ်းတင်ဂုဏ်ပြုထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထောင်ခဲ့သော 'ကုန်းဘောင်ဆက်' ခေါ် တတိယမြန်မာ အင်ပါယာနိုင်ငံတော်ကြီး၌ နိုင်ငံရေးမှအပ မြန်မာနိုင်ငံတော်သားတို့ တိုးတက်ကြီးပွားရာ ကြီးပွားကြောင်းကို ရှေ့ဆောင်ဦးတည်ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများကို ရှာလျှင်၊ 'မက္ခရာမင်းသားကြီး၊ မြဝတီမင်းကြီးဦးစ၊ ကနောင်မင်းသားကြီး၊ ယောမင်းကြီးဦးဘိုးလှိုင်၊ ကင်းဝန်မင်းကြီး ဦးကောင်း' ဟူ၍ ပုဂ္ဂိုလ်ကြီး ၅ ဦးကို ထူးထူးခြားခြား မားမားမတ်မတ် တွေ့မြင်ရပေသည်။

ဆရာဇေယျ ဂုဏ်ပြုမှတ်တမ်းတင်ခဲ့သော ဤ ၅ ဦးတွင် ယောမင်းကြီးဦးဘိုးလှိုင်လည်း ပါဝင်သည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ပုဂံမင်းကို ခြားနားပုန်ကန်ရန် ရွှေဘိုမြို့သို့ထွက်စဉ်က ဦးဘိုးလှိုင်သည် အသက် ၂၃ နှစ် ရှိပြီ။ မင်းတုန်းမင်းသားက 'လိုက်ခဲ့ရမည်' ခေါ်သောကြောင့် ပညာသင်ကြားနေရာမှ လူဝတ်လဲကာ အိမ်တော်ပါရဲဖက်အဖြစ် လိုက်ရကြောင်း။'- ယောမင်းကြီးမြေး ဦးခင်မောင်ဒွေးလက်ဝယ်ရှိ ပုရပိုက်တွင် အောက်ပါအတိုင်း ရေးသားထားသည်။

မဲထီးတိုက်မှာ စာသင်၍နေစဉ်အတွင်း မင်းတုန်းမင်း ၁၂၁၄ ခုနှစ် ရွှေဘိုမြို့သို့ ထွက်တော်မူရာ၊ 'လူထွက်၍ လိုက်ရမည်။'- အမိန့်တော်ရှိသည့်အတိုင်း လူထွက်၍ လိုက်ရသည်။[၂]

ရွှေပြည်ဝန်ကြီး၏ အုတ်ဂူကမ္ပည်းစာတွင်လည်း ဤအတိုင်း ပါရှိသည်။-ဟုဆိုသည်။

ရွှေပြည်ဝန်ကြီးကွယ်လွန်ပြီးနောက်၊ သက္ကရာဇ် ၁၂၄၅ ခုနှစ်တွင် သံတော်ဆင့်မင်းထင်ရာဇာ ရေးထိုးထားသောကမ္ပည်းကျောက်စာတွင်


mgyoe.com

mgyoe.com SAMPLE BOOK

နှောင်တော် ပုဂံမင်းတရားကြီးဘုရားသည် မတရားသော အမျိုးအမတ်တို့စကားကို ယုံမှားတော်မူသဖြင့်၊ စကြာလေးလီ နှောင်ညီ နှစ်ပါး ဖဝါးကြာမုံ ဖွင့်လတ်တုံ၍ ရွှေဘုံအောင်မြေ နင်းတော်မူသည့် ကာလ ရှင်သာမဏေအဖြစ်မှ လူဝတ်လဲလှယ်ပြီးလျှင် သေနင်္ဂါမိပ ပုဏ္ဏကကဲ့သို့ ၂ပါးအကျိုး အဲခိုးသံယံလျက် ကိုယ်အသက်ကို ဆံခြည်တမျှင့် ပန်းတစ်ပွင့်အနိုင်း ပုံခိုင်းစာနာ အရေးအရာကို လျှောက်ထား၍ မဟောသက်ဖျား သိကြားယုံကျုံ ဝိသကြုံနတ် စစ်မျိုး အလား အပါးတော်တွင် မြဲစွဲခယမ်း ထမ်းရွက်ခြင်းဖြင့် ပြည်ထဲရေးခွင့် နှင့်စပ်သည့်အကြောင်းအရာများကို အတိုင်အပင်တော်ခံရသည်။[၃]

-ဟူ၍ တွေ့ရသည်။ ကျောက်စာတွင်မူ 'လိုက်ရမည်' အမိန့်တော်ရှိကြောင်း ရေးသားထားခြင်း မရှိပေ။

'ယောမင်းကြီး' ဟုလည်း အသိများသော ရွှေပြည်ဝန်ကြီးနှင့် မင်းတုန်းမင်းသားသည် ဆက်စပ်မှုများစွာ ရှိသည်။

ယောမင်းကြီးကို ဘကြီးတော်ဘုရားလက်ထက် သက္ကရာဇ် ၁၁၈၁ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် သောကြာနေ့တွင် ယင်းတောဝန်ကြီးမင်း သတိုးမင်းလှကျော်ထင်နှင့် အမိဝန်ကြီးကတော် မယ်ငြိမ်းတို့မှ ဖွားမြင်သည်။ ငယ်မည်မှာ 'မောင်ဘိုးလှိုင်' ဖြစ်သည်။ 'မောင်လှိုင်'ဟူ၍လည်း တွင်သည်။

မောင်ဘိုးလှိုင်သည် ရှေးဦးစွာ တလုပ်မြို့နယ် ကျပိုင့်ရွာလျှင် ဖွားရာဇာတိရှိသော မဟာထေရ်ထံ သာမဏေဘဝနှင့် ပညာသင်ယူသည်။ မောင်ဘိုးလှိုင် အသက် ၉ နှစ်အရွယ်ရောက်သော် သာယာဝတီမင်းသားသည် ဘကြီးတော်မင်းတရားကို ထီးနန်းချ၍ နန်းတက် စိုးစံသည်။


mgyoe.com

mgyoe.com
SAMPLE BOOK

သက္ကရာဇ် ၁၂၀၆ ခုနှစ် နယုန်လဆန်း ၇ ရက်နေ့တွင် သာယာဝတီမင်းသည် ယင်းတောဝန်ကြီးအား 'ပြည်မင်းနှင့် ကြံရာပါ'ဟုဆိုပြီး ကိုယ်တော်တိုင် ကွပ်မျက်တော်မူသည်။

သက္ကရာဇ် ၁၂၀၈ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်နေ့တွင် သာယာဝတီမင်း နတ်ရွာစံလေသော် သားတော်ပုဂံမင်း ထီးနန်းဆက်ခံသည်။ ထိုအခါ မောင်ဘိုးလှိုင်၏မိခင်က မောင်ဘိုးလှိုင်ကို သာမဏေအဖြစ်မှ လူဝတ်လဲစေပြီး မိမိပိုင်ပစ္စည်းများနှင့်တကွ သားမောင်ဘိုးလှိုင်ကို မင်းတုန်းမင်းသားထံ အပ်နှံသည်။ မင်းတုန်းမင်းသားနှင့် မြောက်ဆောင်တော်မိဖုရားတို့က မောင်ဘိုးလှိုင်ကို သားအဖြစ် မွေးစားသည်။

မင်းတုန်းမင်းသားနှင့် မြောက်ဆောင်တော်မိဖုရားတို့လည်း မောင်ဘိုးလှိုင်ကို ထပ်မံ၍ ရှင်သာမဏေပြုပြီး၊ ပင်းဆရာတော်၊ ပြည်ဆရာတော်၊ ဗားကရာသာသနာပိုင်ဆရာတော်တို့ထံ အပ်နှံ၍ ပညာ ဆက်လက်သင်စေသည်။[၆]

မောင်ဘိုးလှိုင်သည် မင်းတုန်းမင်း၏ မွေးစားသားဖြစ်သောကြောင့် မင်းတုန်းမင်းတို့ညီနောင် ရွှေဘိုသို့ထွက်သည့်အခါ မောင်ဘိုးလှိုင်ကို လူထွက်စေပြီး ခေါ်သွားချင်လည်း သွားနိုင်သည်။ မောင်ဘိုးလှိုင်ကိုယ်တိုင်က 'အရေးကြီးလျှင် သွေးစည်းရမည်'- ဆိုသောစကားအတိုင်း အိမ်တော်ပါရဲဖက်အဖြစ် သွေးစည်းလို၍ ပါသွားခြင်းလည်း ဖြစ်နိုင်ပေသည်။

သို့သော် ပါးစပ်ရာဇဝင် စကားတစ်ခွန်းရှိသေးသည်။-ဟု ရွှေမန်းမင်းလှဂုဏ်ရောင်က သူ၏ ဆောင်းပါးတစ်ပုဒ်တွင် ဤသို့ ရေးထားသည်။

<u>ကိုရင်ဘိုးလှိုင်မှာ အရေးတော်တွင် ဘာမျှ မသိလိုက်။ မင်းတုန်းမင်းသားကလည်း ကိုရင်ကို 'လူထွက်၍ လိုက်ရမည်။'-</u>


mgyoe.com

mgyoe.com SAMPLE BOOK

ဟု မဆို။ အမှန်မှာ ပုဂံမင်းလုလင်များက မဲထီးဆရာတော်ထံတွင် ကိုရင်ကို တောင်းကြသည်။ 'အေး-ရှာကြလကွယ်။'-ဟု ဆရာတော်က အမိန့်ပေး၍ ရှာကြသည်။ အသေးစိတ် ပိုက်စိတ်တိုက်ရှာကြသော်လည်း ကိုရင်ဘိုးလှိုင်ကို မတွေ့ကြရ။-ဟူ၏။

* * *

ဤတွင် ကိုရင်ဘိုးလှိုင် လူထွက်၍ ကျန်ရစ်ခဲ့သော အိမ်ရှေ့ထိပ်ထားဖြစ်မည့် လှိုင်ထိပ်ထား၊ ငှင်းမင်း၏သမီးအကြီးတို့နှင့်အတူ မင်းတုန်းမင်းသားတို့နောက်ကို လိုက်ကြရာ လွန်တောင်းရွာနားမှာ မိကြသည်ဆို၏။[၅]

'ပါးစပ်ရာဇဝင်'ဟု ဆိုထားပြီးဖြစ်၍ မည်သို့မျှ ဝေဖန်စရာ မရှိပါ။ မူကွဲအဖြစ် သိစေလို၍ ဖော်ပြရခြင်းသာ ဖြစ်သည်။

သံတော်ဆင့် မင်းလှမင်းထင်ရာဇာသည် ရွှေပြည်ဝန်ကြီး၏ ကျောက်စာကို ဝန်ကြီးကွယ်လွန်ပြီးစတွင် ရေးထိုးထားခြင်းဖြစ်၍ ဖြစ်ရပ်မှန်သမိုင်းအဖြစ် အားကိုးပြုရမည့်ကျောက်စာ ဖြစ်သည်။

ယောမင်းကြီး၏စိတ်ဓာတ်ကို ဆရာဇေယျက

ယောမင်းကြီးသည် ပညာရဲရင့်သူဖြစ်၍ ထိုခေတ်က အာဏာပိုင်များ မျက်မုန်းကျိုးမည်ကို ဂရုမပြု။ ပြည်သူပြည်သားတို့ တိုးတက်ကြီးပွားရေးကိုသာ မျက်မှောက်ပြုလျက် ကွယ်လွန်အနိစ္စရောက်သည်အထိ မတွန့်မဆုတ် ပြောဟောရေးသားသွားလေသည်။[၆]

-ဟူ၍ သုံးသပ်ရေးသားထားသည်။

မှန်သည်။ ဦးဘိုးလှိုင်သည် မင်းတုန်းမင်း၏ မွေးစားသားဖြစ်၏။ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ အရေးတော်ပုံ


mgyoe.com

mgyoe.com SAMPLE BOOK

အတွက် ရွှေဘိုထွက်စဉ်ကလည်း အိမ်တော်ပါရဲဖက်အဖြစ် ပါခဲ့သူဖြစ်၍၊ 'မင်းတုန်းမင်း အုပ်စိုးစဉ်ကာလတွင် ယောမင်းကြီးဦးဘိုးလှိုင်သည် အလွန် တွင်ကျယ် အရေးပါခဲ့မည်။'-ဟု ထင်မြင်ယူဆမည်ဆိုပါက ထင်မြင်နိုင်ဖွယ်အကြောင်းများ ဖြစ်လေသည်။

ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိကျောက်စာ၌လည်း

မြတ်သောမင်းဧကရာဇ်အဖြစ်ဖြင့် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူရန် အရေးစကားကို အသက် ၂၃ နှစ်ရွယ် လုလင်အဖြစ်နှင့်ပင်၊ တင်လျှောက်စကားအတိုင်း နာယူတော်မူပြီးလျှင် မင်းတုန်းဘုရား သိကြားတန့်နှမ်း ဘုန်းနှင့်လက်ရုံး ကြံ့ုးတော်မူ၍[၇]

ဟူ၍ ပါရှိလေရာ၊ မင်းတုန်းမင်းသား အရေးတော်ပုံအတွင်းက 'အသက် ၂၃ နှစ်အရွယ်ရှိ ဦးဘိုးလှိုင်၏အကြံအစည်များကို လက်ခံကြောင်း'-မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ သို့သော် အထင်နှင့်အမြင် အလွန်ဝေးသည်။

ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိကျောက်စာတွင်

သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် ××× အမျက်တော်ရှိလတ်ရကား ခန့်တော်မူရင်း အတွင်းဝန်အရာမှ နုတ်ပယ်ရပ်သိမ်းနေထိုင်ရသည့်နောက်[၈]

သက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် ××× တရားလောကခံဆက်ဆံရခြင်း မကင်းနိုင်သောသဘော ဖြစ်ရကား၊ 'မင်းတို့မျက်စောင်းအကြောင်းမရှေး'ဟူသည်နှင့်မသွေ ရွှေနှလုံးတော် အခန့်မသင့်သည်နှင့် အရာမှ နုတ်သိမ်းတော်မူသည်ကို ခံရပြန်၍ မန္တလေးမြို့ထောင်တွင် အကျဉ်း ၆ လနေရဆဲအခါ၌[၉]

သက္ကရာဇ် ၁၂၃၅ ခုနှစ်သို့ရောက်လျှင် အမျက်တော်ရှိပြန်ရကား အကျယ်ချုပ်နှင့် အမရပူရမြို့သို့ ပို့ထားတော်မူသည့်အတွင်း[၁၀]


mgyoe.com

mgyoe.com SAMPLE BOOK

ဤ ၃ ကြိမ်လုံး မင်းတုန်းမင်း ထီးနန်းစိုးစံနေစဉ်အတွင်း ဖြစ်သည်။ သီပေါမင်းလက်ထက်တွင်

ထိုနှစ် သက္ကရာဇ် ၁၂၄၀ တွင် 'ရာဇဓမ္မသင်္ဂဟကျမ်း' ရေးသားဆက်သွင်းသည်။ နောက်အမျက်တော်ရှိ၍ စားကျေးမြို့ရွာ အစုအငန်းများနှင့်တကွ အလုံးစုံအရာမှ နုတ်သိမ်းတော်မူပြီးလျှင် တောင်ဥယျာဉ်တော်၌ အကျယ်ချုပ်ထားတော်မူသည်။[၁၁]

ဤသည်မှာ ယောမင်းကြီးဘဝ၌ နောက်ဆုံးရာထူးကျပြီး အချုပ်ခံရသည့်သမိုင်း ဖြစ်သည်။

ယောမင်းကြီးသည် ရာထူးချထားခံရတိုင်း ပူဆွေးသောက ရောက်နေသူ မဟုတ်။ ထိုကာလများက ရရှိသောအချိန်ကို အကျိုးရှိစွာသုံးသည်။ ကျမ်းများရေးသားခြင်းဖြင့် အချိန်ကို အသုံးချသည်။

၁၂၄၀ ပြည့်နှစ်က ရာထူးချခံရလေသော် သက္ကရာဇ် ၁၂၄၁ ခုနှစ်တွင် 'နဝသိဒ္ဓန္တ' ကျမ်းနှင့် သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် 'ဥတုဘောဇနသင်္ဂဟ' ကျမ်းနှင့် 'အလင်္ကာနိသျ' ကျမ်းများကို ရေးသားသည်။

ယောမင်းကြီးသည် မင်းပြစ်မင်းဒဏ်သင့်သည်ကို မည်သို့မျှ ခံစားရဟန် မတူပေ။ ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိကျောက်စာအတွင်း၌ အရာကျသည့်အကြောင်း ဖွဲ့သည့်အခါ၊ 'အမျက်တော်ရှိ၍', 'မင်းတို့ မျက်စောင်း အကြောင်းမရွေး'–ဆိုသောစကားများဖြင့် မှတ်တမ်းတင် ထားသော်လည်း၊ ထိုစကားများသည် ယောမင်းကြီး၏စိတ်ဆန္ဒကို ဖော်ပြသောစကားများ ဟုတ်ဟန် မတူပေ။ ယောမင်းကြီးကွယ်လွန်မှ သံတော်ဆင့် မင်းလှမင်းထင်ရာဇာက ကျောက်စာကမ္ပည်းတင်သော ကြောင့် 'ကမ္ပည်းတင်သူ၏ရေးထိုးချက်သာ ဖြစ်မည်။'–ဟု ယူဆ ရသည်။ အဘယ်ကြောင့်ဆိုသော် ဥတုဘောဇနသင်္ဂဟကျမ်းနှင့် အလင်္ကာနိသျကျမ်းတို့တွင် ခံစားချက်အမှတ်အတေး လေသံများ မတွေ့ရသောကြောင့် ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဥတ္တမဇောဗနသင်္ဂဟာကျမ်းနိဂုံးတွင် ကျမ်းရေးသောအချိန်ကို

တတော အပရကာလေတု၊ ထိုအဂ္ဂသေနာပတိဝန်ကြီး ဖြစ်ပြီးသည့်နောက်ကာလ၌။ သော၊ ထိုမကွေးမြို့စား ဝန့်ရှင်တော်မင်းကြီးသည်။ ရာဇဘစ္စာ၊ မင်းခစားအဖြစ်မှ။ ဝိမုတ္တကော၊ လွတ်၏။ ဝေယျာဝစ္စံ၊ တိုင်းရေးပြည်မှု အကြီးအငယ်ကို။ အကတွာ၊ မပြုမူ၍။ နာနာဂန္ထေဟိ၊ အထူးထူးသောကျမ်းဂန်တို့ဖြင့်။ မောဒတိ၊ မွေ့လျော်နှစ်သက်၏။[၃၂]

-ဟူ၍ ရေးသားထားသည်။

"စားကျေးမြို့ရွာ အစုအငန်းများနှင့်တကွ အလုံးစုံအရာမှ နုတ်သိမ်းတော်မူပြီးလျှင် တောင်ဥယျာဉ်တော်၌ အကျယ်ချုပ်ထားတော်မူသည်။"-ဆိုသောစကားများ မတွေ့ရပေ။ ထိုနည်းတူ အလင်္ကာနိသျကျမ်းတွင်လည်း ထိုဂါထာကိုပင် ပြန်လည်ထည့်သွင်းထားသည်။[၃၃]

ဤသည်တို့ကို ထောက်ထား၍ ယောမင်းကြီးသည် 'လောကစံကြံ့ မဖြုံတမ်းပေါ့'ဆိုသော မင်္ဂလာတရားနှင့်အညီ နေထိုင်သူတစ်ဦးအဖြစ် တွေ့နိုင်သည်။

ယောမင်းကြီး ဥတ္တမဇောဗနသင်္ဂဟာကျမ်း မရေးမီက ထူးခြားသောကျမ်းများရေးခဲ့သည်ကို ညွှန်းပါဦးမည်။

သက္ကရာဇ် ၁၂၃၀ ခုနှစ်တွင် ဖန်ချက်ဝန် 'မင်းထင်ပညာသိဒ္ဓကျော်ခေါင်'ဘွဲ့ရ ဦးရွှေအိုးနှင့်တွဲဖက်၍ 'လောကဓာတ်ဆေးကျမ်းကြီး'ကို ဘာသာပြန်ခဲ့သည်။ ဤကျမ်းပုရပိုက်မှတ်တမ်းတွင် ပြင်သစ်ခေါ် 'ရှိမိ'။ အင်္ဂလိပ်ခေါ် 'ကင်မင်စထရီ'မည်သော အရပ်ရပ်ဓာက်မျိုးတို့ကို ဆိုလိုရာဆိုလိုကြောင်းဖြစ်သော ဓာတ်ကျမ်းကို သက္ကရာဇ် ၁၂၃၀ ဝါခေါင်လဆန်း ၄ ရက်နေ့က စ၍ မှန်နန်းတော်


mgyoe.com

mgyoe.com SAMPLE BOOK


တွင် ယောမြို့စား မင်းကြီးမင်းလှမဟာစည်သူ, ဖန်ချက်ဝင် မင်းထင် ပညာသိဒ္ဓိကျော်ခေါင်တို့ မြန်မာဘာသာပြန်ဆိုချက်ဘုရား။

-ဟု စာခေါင်းထိုးထားသည်။ ဤကျမ်းကို ဒေါက်တာ မျိုးသန့်တင်က

ဤလောကဓာတ်ဆေးကျမ်းကြီးသည် မြန်မာ့သိပ္ပံပညာ သမိုင်းအတွက် အဓိကရမှတ်တိုင်ကြီးဖြစ်ပါသည်။ ရတနာပုံခေတ် မြန်မာ့သိပ္ပံပညာ၏ အတိမ်အနက်ကို မီးမောင်းထိုးပြထားသော တန်ဖိုး မဖြတ်နိုင်သည့် အမွေအနှစ်တစ်ရပ်လည်း ဖြစ်ပါသည်။ ဤကျမ်း၏ ကျေးဇူးကြောင့် မြန်မာတို့သည် ထိုစဉ်ကတည်းက ဓာတုဗေဒသိပ္ပံ ပညာရပ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ခဲ့ကြောင်း သိသာထင်ရှား စေပါသည်။[၁၄]

-ဟူ၍ ဂုဏ်ယူမှတ်တမ်းတင်ထားသည်။

ကုန်းဘောင်ခေတ်နှောင်းကာလ မင်းတုန်းမင်းလက်ထက် တွင် ကြေးနန်းရိုက်သည့်စနစ် အကောင်အထည်ဖော်ရန် ကြိုးစားပြီး ဆက်သွယ်ရေးနယ်ဖြန့်ရန် စီစဉ်ခဲ့သည်။ ကြေးနန်းဆက်သွယ်ရေး လုပ်ငန်းကို ၁၈၆၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ၊ ၁၈၇၀ ပြည့် နှစ်တွင် ပြီးစီးခဲ့သည်။ ကြေးနန်းရိုက်ရာနှင့် ကြေးနန်းကို မြန်မာ အက္ခရာဖြင့် အဓိပ္ပာယ်ဖော်ထုတ်ရာတွင် အသုံးပြုနိုင်ရန် ယောမင်းကြီး သည် လိပိဒီပိကာကျမ်းကို ၁၈၇၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ရက် အင်္ဂါနေ့ (၁၂၃၁ ခု တပို့တွဲလဆန်း ၁၅ ရက်နေ့)တွင် ပြုစုပြီးစီး သည်။ ဤကျမ်းကို Major A.R.Mc MAHON က 'The LEEPEEDEEPEEKA, TELEGRAPH CODE for Upper Bruma' ဟူ၍ အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည်။[၁၅]


mgyoe.com

mgyoe.com SAMPLE BOOK

ဤကျမ်းသည် ယောမင်းကြီး၏ တီထွင်မှုစစ်စစ် ဖြစ်သည်။ ယောမင်းကြီးသည် နိုင်ငံခြားသို့ ခရီးထွက်ခွင့်ရသူ မဟုတ်။ နိုင်ငံခြားသို့ ပညာတော်သင်သွားသော သူ၏တပည့်များနှင့် တွဲဖက်၍ သိပ္ပံပညာရပ်များကို မြန်မာမှုပြုရခြင်း ဖြစ်သည်။ ကြေးနန်း၏သဘောသဘာဝအခြေခံကို လေ့လာပြီး၊ ကြေးနန်းရိုက်နည်း သင်္ကေတ (Code) တီထွင်ယူခြင်း ဖြစ်သည်။ ဤသို့တီထွင်ခြင်းကို ထောက်ရှု၍ ယော မင်းကြီး၏ 'ဉာဏ်ချဲ့ထွင်နိုင်မှု'စွမ်းရည်ကို အလေးအနက် မှတ်တမ်း တင်ရပေလိမ့်မည်။ အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းခံရသော ဤကျမ်း အပေါ် မြန်မာတို့အနေဖြင့် ဂုဏ်ယူနိုင်ဖွယ်ဖြစ်သည်။-ဟု ဆိုနိုင်သော်လည်း၊ စင်စစ်အားဖြင့် အင်္ဂလိပ်တို့က မြန်မာသင်္ကေတ (Code) ဖြင့် ကြေးနန်းရိုက်သည်ကို အဓိပ္ပာယ်ဖော်နိုင်ရန် အားထုတ်ကြခြင်းဖြစ်သည်။ တစ်ဘက်၏လျှို့ဝှက်သင်္ကေတကို တစ်ဘက်က ဖော်နိုင်ခြင်းသည် ဖော်နိုင်သူအဖို့ တစ်ပန်းသာနိုင်သည်။ အင်္ဂလိပ်တို့သည် ဤမျှအထိ ထွင်းဖောက်နိုင်ရန် ကြိုးစားနေခြင်း ဖြစ်သည်။

ယောမင်းကြီးသည် 'ရာဇဓမ္မသင်္ဂဟကျမ်း'ကို ရေးသားသောကြောင့် နောက်ဆုံးအကြိမ် ရာထူးကျရသည်။ ထို ရာထူးကျခြင်းသည် မည်သည့်တာဝန်မျှ ပြန်လည်ထမ်းဆောင်ခြင်း မပြုရတော့ဘဲ၊ သာမန်နေပြည်တော်သားဘဝဖြင့်သာ ဘဝနိဂုံး ချုပ်ရသည်။ ဤကျမ်းသည်လည်း ထူးခြားသောကျမ်း ဖြစ်သည်။ သက်ဦးဆံပိုင်ဘုရင်စနစ်ကို ထိန်းကွပ်ပေးရန် ရည်ရွယ်သည့်ကျမ်း ဖြစ်သည်။ ယောမင်းကြီးသည် ကင်းဝန်မင်းကြီးကဲ့သို့ လန်ဒန်, ပြင်သစ်တို့သို့ ခရီးထွက်ရသူ မဟုတ်ပေ။ သို့သော် လန်ဒန်, ပြင်သစ်တို့တွင် အုပ်ချုပ်နေသော 'စည်းမျဉ်းခံဘုရင်စနစ်မျိုး'ဖြစ်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ရာဇဓမ္မသင်္ဂဟကျမ်းကို ရေးခြင်းဖြစ်သည်။ ထိုကျမ်းကို ဆရာဇေယျာက ဤသို့ မှတ်ချက်ပေးသည်။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK


ဤသို့ ကျမ်းအသီးသီးတို့ကို ရေးသားခဲ့သည့်အနက် ခေတ်သစ်သို့ရှေးရှုသော ရာဇဓမ္မသင်္ဂဟကျမ်းမှာ အရေးအကြီးဆုံး ဖြစ်လေသည်။ ထိုစဉ်က ဘုရင်တစ်ဦးတည်းက အာဏာကုန်ယူလျက်၊ မြို့စား၊ ရွာစား ပဒေသရာဇ်စနစ်ဖြင့် အုပ်ချုပ်နေရာ၊ ထိုစနစ်သည် ခေတ်နှင့်မလျော်၊ ရှေးကျမ်းဂန်အယူအဆများနှင့် မကိုက်၊ တိုင်းသူပြည်သားတို့ တိုးတက်ကြီးပွားရာကြီးပွားကြောင်း မဟုတ်သောကြောင့် မြန်မာပြည်သည် ရှေ့သို့ တိုးတက်ကြီးပွားလိုက ထိုစနစ်ဟောင်းကို ပယ်ဖျက်ရမည်။ ခေတ်နှင့်လျော်သော ပါလီမန်စနစ်ဖြင့် သဘောဆန္ဒနှင့် အညီအညွတ်ဖြစ်အောင် အုပ်ချုပ်ရမည်။ တိုင်းပြည်မှထွက်သော အခွန်ဘဏ္ဍာတော်များသည် ရှင်ဘုရင်တစ်ယောက်တည်း ထင်သလို သုံးဖြုန်းပစ်ရန် မဟုတ်။ တိုင်းသူပြည်သားတို့၏ ချမ်းသာရာ ချမ်းသာကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း လုပ်ငန်းများအတွက်သာ အသုံးပြုရမည်။ နိုင်ငံတော်အတွင်း၌ အုပ်ချုပ်ရေးအဖွဲ့ တောင့်တင်းတင်းရှိရမည် စသည်ဖြင့် ပြုပြင်ရေးများကို ရဲရဲရင့်ရင့် ရေးသားခဲ့ပေသည်။[၁၆]

ယောမင်းကြီးရေးသမျှသောကျမ်းတို့တွင် အတွေးသစ်၊ အမြင်သစ်များ ပါစမြဲဖြစ်သည်။ တီထွင်စရာရှိသည်ကိုလည်း တီထွင်ဖန်တီးတတ်သူ ဖြစ်သည်။ အခြားအခြားသောပညာရပ်များ၌ အမြင်သစ်နှင့် ချဉ်းကပ်ကာ ရေးသားဖော်ထုတ်သည့်အခါ ယောမင်းကြီးကို 'ပညာဉာဏ်ကြီးသူ'အဖြစ် အသိအမှတ်ပြုကြသော်လည်း၊ ရာဇဓမ္မသင်္ဂဟလို အုပ်ချုပ်ရေးပညာရပ်၌ အမြင်သစ်ရှုထောင့်မှ ရေးလိုက်သည့်အခါ ယောမင်းကြီးအရာ နုတ်သိမ်းခံရပြီး အချုပ်တိုက်ရောက်ရတော့သည်။ ပဒေသရာဇ်ခေတ်၌ အုပ်ချုပ်မှုအာဏာကို ခွဲဝေပေးရန်မဆိုထားနှင့်၊ 'ကန့်သတ်ထိန်းချုပ်မှု'ကိုပင် မလုပ်လို။


mgyoe.com

mgyoe.com
SAMPLE BOOK

မြန်မာမင်းများ ဘွဲ့ခံယူကြသည့်အခါ 'ရာဇာဓိရာဇာ'ဟူသော စကား ပါသည်။ 'ရာဇာဓိရာဇာ'ဆိုသည်မှာ 'မင်းတကာတို့၏မင်း' ဖြစ်သည်။ 'မင်းထက်မင်း'ဟု ဆိုရမည် ထင်မည်။ တစ်ခါတစ်ရံ 'ဧကရာဇ်'ဟုလည်း သုံးကြသည်။ 'ဧကရာဇ်'ဆိုသည်မှာ 'တစ်ပါးတည်းသောမင်း'ဖြစ်သည်။ အခြားသော ထီးပြိုင်နန်းပြိုင်များကို အသိအမှတ် မပြုလိုသောစိတ်ထား ဖြစ်သည်။ ဤသို့အမြင်များကိုင်စွဲလျက် တိုင်းပြည်အုပ်ချုပ်နေသောမင်းကို 'စည်းမျဉ်းခံဘုရင်စနစ်'ဖော်ထုတ်လိုက်သော ယောမင်းကြီးသည် ရာထူးကျပြီး အချုပ်ခံရသည်မှာ ထိုခေတ်ထိုကာလအမြင်အရ ပြောရသော် စင်စစ် မဆန်း။

ယောမင်းကြီး ရာထူးကျသွားသောအခါ စာပေဥ္စမွေ့လျော်ပြီး ကျမ်းများ ရေးသည်။ 'ဥတုဘောဇနသင်္ဂဟ'ကျမ်းရေးသည်မှာ ထိုအချိန်က ဖြစ်သည်။ ဥတုဘောဇနသင်္ဂဟကျမ်း ရေးရသည့်အကြောင်းရင်းကို ကျမ်းနိဂုံးဂါထာ ၁၂ နှင့် ၁၃ တွင် ဤသို့ရေးထားသည်။

အာရောဂျံ၊ အနာရောဂါကင်းခြင်းသည်။ ဓမ္မတ္ထကာမမောက္ခာနံ၊ 'ကိုယ်ကျင့်တရား, အကျိုးစီးပွား, ကာမဂုဏ်ချမ်းသာ, မဂ်ဖိုလ်နိဗ္ဗာန်'ဟူသော စတုဝဂ္ဂတရား ၄ ပါးတို့၏။ ဥတ္တမံ၊ မြတ်သော။ မူလံ၊ အရင်းအမြစ်တည်း။ တသ္မာ၊ ထိုစတုဝဂ္ဂတရား ၄ပါးကို လည်းကောင်း။ သေယျသော၊ မြတ်သော။ ဇီဝိတဿစ၊ အသက်ကို လည်းကောင်း။ အပဟာတ္တာရော၊ ပယ်ဖြတ်တတ်သည်တို့ကား။ ရောဂါ၊ ဇရပါးသော အနာရောဂါတို့တည်း။ တဿ၊ ထိုအနာရောဂါကင်းခြင်း၏။ မူလံ၊ အမြစ်ရင်းကား။ ယသ္မာ၊ အကြင်ကြောင့်။ အာယုဗ္ဗေဒေါ၊ ဆေးကျမ်းတည်း။ တသ္မာ၊ ထို့ကြောင့်၊ နာနာယုဗ္ဗေါ၊ အထူးထူးသောဆေးကျမ်းအပေါင်းမှ။ ဥဒ္ဓိယ၊ ထုတ် ဆောင်၍။ လောကဟိတတော၊ လောက၏အကျိုးစီးပွားဖြစ်သော။ အယံ အာယုဗ္ဗေဒေါ၊ ဤ'ဥတုဘောဇနသင်္ဂဟ'မည်သောကျမ်းကို။ အဟံ၊ ငါသည်။ ကတော၊ ပြုစုစီရင်အပ်၏။


mgyoe.com

အနာရောဂါသည် လူတို့အတွက် အကျိုးမဖြစ်ထွန်း။ အနာရောဂါကင်းခြင်းသည် လောကီ,လောကုတ္တရာ,သံသရာအတွက်ပါ အကျိုးစီးပွား ဆောင်ရွက်နိုင်သောကြောင့် အနာရောဂါကင်းစင်စေရန် ဥတုဘောဇနသင်္ဂဟကျမ်းကို ရေးရကြောင်း ဆိုသည်။

ဤဂါထာနိဿယပြန်တွင်လည်း ထူးခြားချက်တစ်ခု တွေ့ရသည်။ လူတို့၌ ဖြစ်ပေါ်တတ်သောအနာရောဂါကို ၉၆ ပါး အနာရောဂါဟု ပြောလေ့ပြောထရှိသည်။ ယခု '၉၈ ပါးသောအနာ' ဟုသုံးသည့်အတွက် အနာ ၂ မျိုးတိုးသည်။ ထိုတိုးသော အနာ ၂ မျိုးမှာ 'နခသာ-ခြေသည်း လက်သည်းခြစ်မိသောအနာ၊ အပမာရော၊ ဝက်ရူး,ကြက်ရူးနာ-၂မျိုး ဖြစ်သည်။'[၁၇]

ယခင် ၉၆ ပါးနှင့် ပေါင်းလျှင် '၉၈ ပါး'ဖြစ်သည်။

'ဥတုဘောဇနသင်္ဂဟ'၏အဓိပ္ပာယ်ကို ကျမ်းပမာဏနှင့် ပဋိညာဉ်တွင် 'ဥတုဘောဇနသင်္ဂဟ၊ အထူးထူးသောဆေးကျမ်းတို့၌ ဆိုအပ်သော ဥတု,ဘောဇဉ်တို့ကို ပေါင်းစုရာဖြစ်ၡသော ဥတုဘောဇနသင်္ဂဟကျမ်းကို။'-ဟု ရေးထားရာ၊ ဥတုဘောဇဉ်တို့အတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြုစုသောကျမ်း ဖြစ်သည်။-ဟုဆိုသည်။

'ဥတုဘောဇနသင်္ဂဟကျမ်းကို ကင်းဝန်မင်းကြီး တောင်းပန်ချက်ကြောင့် ယောမင်းကြီး ရေးသည်။'-ဟု ဆရာမောင်ထင်က ဖော်ပြထားသည်။[၁၈] ဥတုဘောဇနသင်္ဂဟကျမ်းတွင် ကင်းဝန်မင်းကြီး တောင်းပန်၍ရေးရကြောင်း မတွေ့ရပေ။ သို့ရာတွင် အလင်္ကာနိဿျကျမ်းကိုမူ ကင်းဝန်မင်းကြီးတောင်းပန်သောကြောင့် ရေးရကြောင်း နိဂုံး၌ ဖော်ပြထားသည်။[၁၉]


mgyoe.com

mgyoe.com

ဥတုဘောဇနသင်္ဂဟကျမ်းကို ဆရာအာဃက 'ဆေးပညာစာပေ'စာရင်းသွင်းသည်။ 'မြန်မာတိုင်းရင်းဆေးပညာသမိုင်းကျမ်း'၌လည်း ကုန်းဘောင်ခေတ်နှောင်း ဆေးပညာကျမ်းတစ်ကျမ်းအဖြစ်ဖော်ပြထားသည်။ ယောမင်းကြီးကိုယ်တိုင်က 'လူတို့၏ ၉၈ ပါးအနာများကုသရန် ရည်ရွယ်ချက်နှင့် ပြုစုသောကျမ်း'-ဟု ဆိုထားသောကြောင့် ဆေးပညာရပ်ဆိုင်ရာ ကျမ်းတစ်ကျမ်းအဖြစ်သာ အသိအမှတ်ပြုရပေမည်။

မြန်မာ့ဆေးပညာ၌ လူတစ်ယောက်ကျန်းမာရေးသည် 'ကံ, စိတ်, ဥတု, အာဟာရ'တို့အပေါ် မူတည်သည်။-ဟု ဆိုသည်။ 'ကံ'ဆိုသည်မှာ မိမိ၏ကုသိုလ်,အကုသိုလ်ကိုသာ အကြောင်းရင်းခံသည်။ ဗုဒ္ဓဘာသာတို့သည် ကံ၊ ကံ၏အကျိုးကို ယုံကြည်ကြ၏။ 'စိတ်'ဆိုသည်မှာ မိမိကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ရမည့်သဘောဖြစ်သည်။ 'ဥတု'နှင့် 'အာဟာရ'ဆိုသည်မှာ ဆေးဝါးကုသရေး၌ အရေးပါသည်။ ထို့ကြောင့် ဥတုဘောဇနသင်္ဂဟကျမ်းသည် ဥတုနှင့်ဘောဇဉ်အကြောင်း ရေးသားပြုစုထားသောကျမ်းဖြစ်သည်။ 'ဘောဇဉ်'ဆိုသည်မှာ 'အာဟာရ'ပင်ဖြစ်သည်။

အထူးထူးသောဆေးကျမ်းအပေါင်းမှ ထုတ်ဆောင်၍ လောက၏အကျိုးစီးပွားဖြစ်သော ဥတုဘောဇနသင်္ဂဟကျမ်းကို ရေးပါသည်။-ဟု ကျမ်းနိဂုံးတွင် ယောမင်းကြီး ဝန်ခံထားသည့်အတိုင်း၊ မိမိထုတ်နုတ်ကိုးကားခြင်း, နှိုင်းယှဉ်သုံးသပ်ခြင်းပြုခဲ့သော ကျမ်းများကို မိမိ၏ကျမ်းအတွင်း၌ ထည့်သွင်းဖော်ပြထားသည်။ ဘုရားဟောပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်းများအပြင်၊ လောကီကျမ်းများဖြစ်သော အောက်ပါကျမ်းများကို အားကိုးပြုထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

၁- ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်း။
၂- သာရကောမုဒီဆေးကျမ်း။
၃- သုသံပုတဆေးကျမ်း။
၄- ဘာဝပ္ပကာသဆေးကျမ်း။
၅- ရာဇနိဃဏ္ဍုဆေးကျမ်း။
၆- ဒဗ္ဗဂုဏပကာသဆေးကျမ်း။
၇- ရာဇဝလ္လဘဆေးကျမ်း။
၈- အဋ္ဌောတ္တရိဒသာကျမ်း။
၉- ဝီသောတ္တရိဒသာကျမ်း။
၁၀- စက္ကဒတ္တကျမ်း။
၁၁- ရတနမာလာကျမ်း။
၁၂- အဗ္ဗုတသာဂရကျမ်း။
၁၃- သမုတိကျမ်း။
၁၄- ဘင္ဂီကျမ်း။
၁၅- သူရိယသိဒ္ဓန္တကျမ်း။
၁၆- မာဂဓအဘိဓာန်ကျမ်း။
၁၇- ကပ္ပဒုမအဘိဓာန်ကျမ်း။
၁၈- သာရတ္ထဒီပဏီဋီကာကျမ်း။[၂၀]

မြန်မာ့ဆေးပညာသင်ကြားသည့်အခါ 'ရာသီမနိုင်၊ ဆေးမကိုင်နှင့်', 'ဥတုမနိုင် ဆေးမကိုင်နှင့်'ဆိုသောစကားနှင့်အညီ ရာသီဥတုကို သင်ကြားကြရသည်။ ထိုမှုအတိုင်း ယောမင်းကြီးလည်း 'ဥတု'နှင့် 'ရတု' အတူတူဖြစ်ကြောင်းကို

မာဂဓဘာသာ 'ဥတု'ဟူသောသဒ္ဒါကို စွဲ၍ ဥတု၊ သက္ကဋ ဘာသာ 'ရိတု'ဟူသောသဒ္ဒါကိုစွဲ၍ 'ရတု'ဟု မြန်မာတို့က ခေါ်ကြသည်။ အနက်တူ မှတ်လေ။

-ဟူ၍ မှတ်ချက်ပြုထားသည်။

mgyoe.com

'မြန်မာနိုင်ငံ၌ ဥတု ၃ ပါးရှိကြောင်း' အသိဖြစ်သည်။ ဆေးကျမ်းများတွင် 'ဥတု ၆ ပါး'ထားသည်။ ဤသို့ထားရခြင်းကို ၄ လစီ ပိုင်းပြီးလျှင် ၁ နှစ်ကို ဥတု ၃ ပါး ထားသည် ကာလ အပူ,အအေး မတူကွဲလွဲသောကြောင့် ဆေးဝါးမပေးနိုင်ဖြစ်၍ ၂ လလျှင် ဥတု ၁ ခု၊ ၁ နှစ်ကို ဥတု ၆ခု ထားမှ အပူ,အအေး တူ၍ ဆေးဝါးပေးနိုင်သည်ဖြစ်သောကြောင့် ဆေးကျမ်းတို့တွင် ဥတု ၆ ပါးကိုသာစွဲ၍ ဆေးဝါး,အစားအသောက်တို့ကို ပေးသည်။

-ဟူ၍ ရှင်းလင်းဖော်ပြသည်။

'ဥတု ၆ ပါးကာလ၌ ရှောင်ရန်'တို့ကို ပထမကဏ္ဍတွင် ရေးသားထားသည်။

ဒုတိယကဏ္ဍတွင် 'အရွယ်အကြောင်း' ရှင်းပြသည်။ လောကနီတိကျမ်း၌ လူတို့၏အရွယ်ကို ၄ မျိုး ခွဲခြားပြထားသည်။ နီတိကျမ်းအလိုအရ 'ပထမအရွယ်တွင် အတတ်ပညာ မရခဲ့လျှင်၊ ဒုတိယအရွယ်တွင် ဥစ္စာ မရခဲ့လျှင်၊ တတိယအရွယ်တွင် တရား မရခဲ့လျှင်၊ စတုတ္ထအရွယ်တွင်ကား ကိံကရိဿတိ၊ အဘယ်မူ စအံ့နည်း။'-ဟုဆိုသည်။

ကိံကရိဿတိ ကို ရှေးဆရာတော်ကြီးများက 'အဘယ်မူ စအံ့နည်း'ဟု ခံ့ခံ့ညားညား နိဿယမြန်မာပြန်သည်။ 'ဘာတတ် နိုင်တော့မှာလဲ'-ဟုဆိုသော အရပ်သုံး စကားပြေအဓိပ္ပာယ်ပင်။

နီတိကျမ်း၌ ဖော်ပြထားသော အရွယ် ၄ ပါးကို လူ့သက်တမ်း အနှစ် ၁၀၀ ကို အခြေပြုပြီး မည်သည့်အသက်သည် ပထမအရွယ်၊ မည်သည့်အသက်သည် ဒုတိယအရွယ်-စသည်ဖြင့် ခန့်မှန်းကြည့်နိုင်သည်။

ဥတုဘောဇနသင်္ဂဟကျမ်း၌ ဆေးကျမ်းအလို အရွယ် ၃ ပါး ပြထားသည်။ ၎င်း ၃ ပါးမှာ


mgyoe.com

mgyoe.com SAMPLE BOOK

၁ - ဗာလအရွယ်သည် မွေးသည်မှ ၁၆ နှစ်အတွင်း အရွယ်။

၂- မဇ္ဈိမအရွယ်သည် ၁၆နှစ်မှ အသက် ၇၀တိုင်အောင် အရွယ်။

၃- ဝုဒ္ဓအရွယ်သည် အသက် ၇၀ မှ အထက်အရွယ် ဖြစ်သည်။ ထိုအရွယ်သည် တစ်နေ့ထက်တစ်နေ့ အားအင်ဆုတ်ယုတ်သောအရွယ် ဖြစ်သည်။

လူတို့၏သက်တမ်းကို အသက် ၁၀၀ တမ်းဖြစ်ကြောင်း အထောက်အထားများနှင့် ရေးသားထားပြီး၊ ထိုအသက် ၁၀၀ တမ်းနှင့် ပတ်သက်၍ ထူးခြားသောအောက်ပါမှတ်ချက်ကိုလည်း တွေ့ရလေသည်။

အသက် ၁၀၀ တမ်းပင်ဆိုသော်လည်း ဤပါဠိတော်ကို ထောက်၍ ၁၀၀ ထက် စဉ်းငယ်ပိုသည်။ ၁၀၀ အောက် စဉ်းငယ် လျော့သည်ကိုလည်း သိသာ၏။ ၁၀၀ ထက်ပိုသော်လည်း ၂၀၀ တိုင်အောင် အသက်မရှည်နိုင်ပြီ။-ဟု ၄င်းအဋ္ဌကထာတို့တွင် ဖွင့်သည်။ ဝိနယဂဏ္ဌိတ္ထဒီပနီကျမ်းတွင် 'သာသနာ ၅၀၀၀ မကုန်မချင်း အနှစ် ၁၀၀ တမ်းသာ'-ဟု ဆိုသည်များကိုထောက်၍၊ 'အနှစ် ၁၀၀ လျှင် အသက်တမ်း ၁ နှစ်ယုတ်၏။'-ဟု ဆိုသောစကားကို မမှတ်အပ်။

လူတို့၏သက်တမ်းသည် အနှစ် ၁၀၀ လျှင် သက်တမ်း ၁ နှစ်-၁ နှစ် လျော့လျော့သွားသည်။ ယခုအခါ သာသနာသက္ကရာဇ် ၂၅၀၀ ကျော်ကတည်းက လူတို့၏သက်တမ်းလည်း ၂၅ နှစ် လျော့သွားပြီဖြစ်၍၊ ယနေ့ခေတ် လူတို့၏သက်တမ်းသည် ၇၅ နှစ်မျှသာ ကျန်တော့သည်။-ဟု ပြောလေ့ပြောထရှိသောစကားများအပေါ် သုံးသပ်နိုင်ရန် ယောမင်းကြီး၏မှတ်ချက်သည် အရေးပါလာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

လူ၏ခန္ဓာကိုယ် အပိန်၊အဝတို့သည် ကျန်းမာရေးအပေါ် မည်သို့ အကျိုးသက်ရောက်နိုင်သည်ကို ဤသို့ရေးထားသည်။

လူတို့၌ ဝသောကိုယ်၊ပိန်သောကိုယ်၊အလတ်သောကိုယ် ဟူ၍ ကိုယ် ၃ မျိုးရှိသည်။ ထို ၃ မျိုးတို့တွင် ဝသောသူ၌ သလိပ် လေပျက်တတ်၏။ အဆီအခဲအားကြီး၍ သွေးလေတို့သွားရာလမ်း ကို အဆီခဲပိတ်ပြီးလျှင် ရောဂါဖြစ်တတ်သည်။ ပိန်သောသူသည် သွေး၊သည်းခြေ၊လေ ပျက်တတ်သည်။ အလတ် လျစ်လျူဖြစ် သောသူ၌ ဒေါသ ၃ ပါး အပျက်အစီးမရှိ၊ ရောဂါအနာ ကင်း၏။

ဖော်ပြပါအရေးအသားသည် အနောက်တိုင်းဆေးပညာနယ်က ရေးသားသည်များနှင့်ညီကြောင်း တွေ့ရသည်။ 'ဝသောသူသည် သွေး ကြောများအတွင်း အဆီအခဲများ ဆို့တတ်သည်။'-ဟူ၍ အနောက်တိုင်း ဆေးပညာနယ်ကလည်း ရေးတတ်သည်။

တတိယကဏ္ဍကို 'အသက်ရှည်ရာအကျင့်ကို ပြခြင်း'ဟူ၍ ခေါင်းစဉ်ထိုးပြီး ရေးထားသည်။ ဤအခန်းတွင်-'ဒန်ပူစားခြင်း၊ လုပ်ဆေးခြင်း၊ မျက်နှာသစ်ခြင်း၊ ရိတ်ဖြတ်ခြင်း၊ ဆံဖီးခြင်း၊ ချေးတွန်းခြင်း၊ ရေချိုးခြင်း'-အစရှိသည်တို့ ရေးထားသည်။ အခြား အခြားအကြောင်းအရာများမှာ ခေါင်းစဉ်မြင်ကာမျှဖြင့် သိလွယ်သည်။ ဒန်ပူစားခြင်းမှာ မသိလွယ် ဖြစ်နိုင်သည်။ 'ဒန်ပူစားခြင်း'ဆိုသည်မှာ သွားကြားထိုးခြင်းကို ဆိုလိုသည်။ သွားတိုက်ခြင်းလည်း ယူဆနိုင် သည်။ ဒန်ပူစားသည့်အကြောင်း ရေးရာ၌ လျှာခြစ်ခြင်းအကြောင်းပါ ထည့်ရေးထားသည်။ ထိုအခန်းသည် စင်စစ် တစ်ကိုယ်ရေသန့်ရှင်း ရေးပင် ဖြစ်သည်။

ကွမ်းစားခြင်းခေါင်းစဉ်ဖြင့် ကွမ်းကို မည်သည့်ပစ္စည်းများနှင့် တွဲစားလျှင် မည်သို့ အကျိုးရှိသည်။ မည်ကဲ့သို့ ကွမ်းစားလျှင် လည်ချောင်းနာနိုင်၏-စသည်ဖြင့် ရေးထားသည်။ ကွမ်းစားလျှင်


mgyoe.com

လေသလိပ်၊ မကောင်းသောအနံ့၊ အညစ်အကြေးတို့ကို ပယ်နိုင်၏။ ခံတွင်းသန့်ရှင်း၏။ ကောင်းသောအနံ့ရှိ၏။ နှစ်သက်ဖွယ်ရှိ၏။ နှုတ်ခမ်းလှ၏။

-ဟူ၍ ကွမ်းစားခြင်းအကျိုး ရေးထား၏။

ဤအရေးအသားမှာ ကွမ်းနှင့်ဆက်စပ်၍ ကုန်းဘောင်ခေတ်အမြင် ဖြစ်သည်။ ရှေးက အမျိုးသား,အမျိုးသမီးများ ကွမ်းစားကြသည်။ ကွမ်းစားလျှင် 'လှသည်'ဟု မြင်ကြသည်။ ဦးတိုး၏ ရာမရကန်တွင် လေးတင်ပွဲသို့လာကြသည့် နန်းတွင်းသူများအလှကို ဖွဲ့ရာ၌

အပျိုချောချော သံဘောယဉ်ကတဉ်တည့်၊ နှုလှသည့်ကွမ်းဝါကို တျာလှအောင် စားပါလို့ [၂၁]

-ဟူ၍ နှုတ်ခမ်းများနီတျာလာအောင် ကွမ်းစားကြပုံကို ဖွဲ့သည်။

လေးတင်ခန်းကျင်းပမည့်နေရာသို့ မယ်သီတာ လာသည့်အခါ ဖွဲ့ထားသော မယ်သီတာ၏အလှတွင်လည်း

ဒါလီနှင့် လည်တိုင်မှာ ပုံကိုင်၍ထားသည့်နှယ် ကွမ်းငုံစပါးနှုက ပုပုငယ်ပုံ့ပုံ့ [၂၂]

ကွမ်းငုံ၍လာကြောင်း ဖွဲ့ထားသည်။

ရွှေတောင်နန္ဒသူ၏ 'မွေ့နွှန်းရကန်'ထဲ၌ ရှင်မွေ့နွှန်း၏အလှကို ဖွဲ့ရာတွင်လည်း

တစ်ဆောင်လုံးနွဲ့၊ လုပ်လဲ့လဲ့၊ ကြွတဲ့တော်မှုလာ၍၊ ကွမ်းဝါငုံလို့ မှုန်စီစီ၊ ထမီကတွဲ့တွဲ့၊ လုပ်လီလုပ်လဲ့၊ ပြတင်းကျယ်အဝမှာ၊ ပပကလေးငယ် [၂၃]

-ဟူ၍ ကွမ်းငုံ၍ ပြတင်းအဝမှာ လုပ်လီလုပ်လဲ့ အလှပြနေပုံ ဖွဲ့ထားသည်။


mgyoe.com

ဥတုဘောဇနသင်္ဂဟကျမ်းတွင် ကွမ်းစားခြင်းအပေါ် ဆက်ရေးထားသည်မှာ

'ကွမ်းကို အလွန်မစားရာ။ အလျှင်းမစားဘဲလည်း မနေရာ။'

-ဟူ၍ဖြစ်ရာ၊ 'ကွမ်းကို အလျှင်းမစားဘဲ မနေရာ'ဆိုသော တိုက်တွန်းမှုကို ယနေ့ ကျန်းမာရေးပညာပေးအမြင်နှင့် ဆက်စပ်ချင့်ချိန်နိုင်ရန် ဖြစ်သည်။

စတုတ္ထကဏ္ဍတွင် 'ရသ ၆ ပါး၌ အကျိုး,အပြစ်'ကို ရေးသားထားသည်။ မြန်မာ့ဆေးပညာ၌ 'ရသ ၆ ပါး'ဟူသည်ကို အပြောအဆို အသုံးများသည်။ ထိုနည်းတူ ယောမင်းကြီးကလည်း ဥတုဘောဇန သင်္ဂဟကျမ်းတွင် 'ချိုဆိမ့်ရသ၊ အချဉ်ရသ၊ အငန်ရသ၊ အစပ်ရသ၊ အခါးရသ၊ အဖန်ရသ'-ဟူ၍ ရသ ၆ပါး ပြသည်။ အချို့မူများ၌ အချိုနှင့် အဆိမ့်ကို 'ရသ ၂ ပါး'ယူပြီး 'ရသ ၇ ပါး'အဖြစ် ပြသည်။[၂၆] ယောမင်းကြီးကမူ အချိုနှင့် အဆိမ့်ကို ပေါင်းပြီး 'ချိုဆိမ့်ရသ'ဟု ၁ ပါးအဖြစ်သာ ပြသည်။

ယောမင်းကြီးသည် နက္ခတ်ကို မူတည်၍ ချို,ချဉ်,ဖန်,ခါး စသော အရသာကိုကြည့်ပြီး ခတ်စာပေးသောစနစ်မျိုးကို လည်းကောင်း၊ လူနာ၏အသက်ကိုတည် ၇ ခု-၈ ခုနှင့်စားပြီး ကြွင်းသောကိန်းကို ကြည့်ကာ ခတ်စာပေး ကုသသည့်စနစ်မျိုးကို လည်းကောင်း လုံးဝ ကြိုက်နှစ်သက်ခြင်း မရှိပေ။[၂၇] ထိုစနစ်ကို သူ၏ဥတုဘောဇနသင်္ဂဟကျမ်းတွင် အောက်ပါအတိုင်း ဝေဖန်ပြီး ပယ်ဖျက်ထားသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အသက်ကိုတည်၍ ၇ ခုစားပြီးလျှင် အကြွင်းကို အစွဲပြု၍ ပေးသော သတ္တဓာတ်စာ၊ ၄င်းနည်း ၈ ခုစား၍ပေးသော အဋ္ဌဓာတ်စာ တို့စကားသည်လည်း အသက်တူလျှင် အကြွင်းတူ၍ ပေးပုံချင်း တူရမည်ဖြစ်သော်လည်း၊ တစ်ယောက်က ကာလနာ, တစ်ယောက်က အဖျားဖြစ်လျှင် တူအောင် မပေးသင့်။ တစ်ယောက်တည်းတွင်ပင် သော်လည်း တစ်ခါဖြစ်သောအနာနှင့် တစ်ခါဖြစ်သောအနာ မတူ။ ဥတု တစ်ခုနှင့် ဥတုတစ်ခု မတူ။ အရပ်တစ်ခုနှင့် အရပ်တစ်ခု မတူ။ အရွယ်တစ်ခုနှင့် အရွယ်တစ်ခု မတူ။ မိန်းမနှင့် ယောကျ်ား မတူ။–ဖြစ်၍ ထိုဓာတ်စာတို့တွင်ဆိုသောစကားလည်း မယုံကြည်အပ်။

တစ်ကြောင်းလည်း 'ပထဝီ, အာပေါ, တေဇော, ဝါယော, အာကာသ–ဤဓာတ် ၅ ပါးကိုစွဲ၍ ပေးသည်။'–ဆိုပြန်လျှင် နာနာဓာတုဉာဏ်ကို ဘုရားသာရသောကြောင့် အခြားလူတို့ ၄င်းဓာတ်တို့ မည်ကဲ့သို့ဖြစ်သည်ကို မသိနိုင်သောအရာ အသိလုပ်ခြင်းသည်လည်း မိစ္ဆာအယူပင် ဖြစ်သည်။ [၂၆]

ပဥ္စမကဏ္ဍတွင် 'ဆန့်ကျင်ဘက်အစာကိုပြခြင်း'ဖြစ်သည်။ မြန်မာ့ဆိုရိုးစကားတွင် 'အစားမတော် တစ်လုတ်၊ အသွားမတော် တစ်လှမ်း'–ဟူသောစကား ရှိသည်။ မစားသင့်သောအစာကို တစ်လုတ်မျှစားမိရုံဖြင့် အန္တရာယ်ဖြစ်နိုင်သည်။–ဟု သတိပေးသော စကား ဖြစ်သည်။ 'အစာလည်းဆေး၊ ဆေးလည်းအစာ'–ဟူသော စကားလည်း ရှိသေးသည်။ 'သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ'–ဟူသည့်အတိုင်း သတ္တဝါတို့သည် အစာအာဟာရအပေါ်၌ တည်တတ်သည်။ ထို့ကြောင့် အစာသည် ဆေးတစ်ပါးပင်။ အဆင်မသင့်လျှင် အစာသည် အဆိပ်လည်း ဖြစ်သွားနိုင်သည်။

'ဆန့်ကျင်ဘက်အစာကိုပြခြင်း' အကြောင်းအရာများသည် သမားတို့နှင့်သာ ဆိုင်သည်မဟုတ်။ လူတိုင်းနှင့်သက်ဆိုင်သော


mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းအရာများ ဖြစ်သည်။ မည်သည့်အသီး၊အရွက်၊အသားနှင့် မည်သည့်အသီး၊အရွက်၊အသားတို့ ပေါင်းစပ် ချက်ပြုတ် မစားရ။ မည်သည့်ပစ္စည်းနှင့် မည်သည့်ပစ္စည်းကို ပေါင်းစပ်ချက်ပြုတ် မစားရ။ မည်သည့်ပစ္စည်းနှင့် မည်သည့်ပစ္စည်းတို့ကို အချိန်ပမာဏ မညီမျှ ရောနှော မစားရ။-ဟူ၍ ရေးသားထားသည်။

သဘာဝဆန့်ကျင်ဘက်အကြောင်းအရာကို ဤသို့ရေးထား သည်။

"အဆာလွန်မှ စားခြင်း၊ မဆာမီ စားခြင်း၊ အလွန်ကောင်း မွန်သောအစာကို စားခြင်း၊ အလွန်ထက်လွန်းသောအစာကို စားခြင်း၊ အရသာမရှိသောအစာကို စားခြင်း၊ အလွန်တက်လွန်းသောအစာကို စားခြင်း၊ ဝမ်းမီးညံ့လျက် အတိုင်းအရှည်ထက်လွန်ပြီးလျှင် အစာကို စားခြင်း၊ ပုပ်သိုးသောအစာကို စားခြင်း၊ အလွန်ပူသော ထမင်း၊ဟင်း၊ ရေနွေးတို့ကို စားသောက်ခြင်း၊ အဆိပ်မျိုးတို့ကို စားသောက်ခြင်း၊ ပကတိသဘောအားဖြင့် မိမိနှင့် မသင့်သောအစားအသောက်တို့ကို စားသောက်ခြင်း။ ဤသည်တို့ကား သဘောအားဖြင့် ဆန့်ကျင်ဘက် ဖြစ်ခြင်းတို့တည်း။"

ဤအခန်းအစ၌ 'ဆန့်ကျင်ဘက်အစာများကို စားမိလျှင် ရောဂါရသည်။'-ဟု ဆိုသည်။ အဆာလွန်မှ စားခြင်း၊ မဆာဘဲ စားခြင်း၊ အလွန်ပူသောအစာများကို စားခြင်းသည် သဘာဝ ဆန့်ကျင်ဘက်အစားအစာများ ဖြစ်သည်။ ရောဂါရနိုင်သည်၊ အန္တရာယ်ရှိနိုင်သည်။-ဟု ရေးထားခြင်းမှာ အများသတိပြုဖွယ် ဖြစ်ပေသည်။

သတ္တမကဏ္ဍတွင် 'ရေတို့၏ဂုဏ်ကိုပြခြင်း'ဟူ၍ ရေ အမျိုးမျိုးတို့၏အကြောင်း ရေးထားသည်။ စင်ကြယ်သောရေအကြောင်း ရေးထားသည်မှာ-


mgyoe.com

mgyoe.com SAMPLE BOOK

ထိုစင်ကြယ်သောရေသက်သက်သည် အခိုးအငွေ့မျိုးဖြစ်သော ဆား၊ ယမ်း၊ ဆပ်ပြာတို့ကို ငိစေတတ်၊ စိစေတတ်သော ဟိုက်ဒရော်ဂျင်းဓာတ်တစ်ပုံ၊ သံ အစရှိသောဓာတ်တို့ကို ချေးတက်စေတတ်သော အခိုးအငွေ့မျိုးဖြစ်သော အောက်ကစီဂျင်းဖြစ်သောဓာတ်တစ်ပုံ၊ ဤအခိုးအငွေ့ဓာတ် ၂ မျိုးသာရှိသောရေသည် စင်ကြယ်သောရေဖြစ်၏။ ထိုစင်ကြယ်သောရေသက်သက်သည် အလွန်ကြည်သောကြောင့် ဖန်တုံးကဲ့သို့ပေါက်သောအရောင် ရှိ၏။

'ရေကောင်းရေသန့်' ဆိုသည်မှာ အရောင်၊ အဆင်း၊ အနံ့၊ အရသာမရှိသော ရေကို 'ရေကောင်းရေသန့်' ဟု ခေါ်သည်။-ဆိုသောမူလတန်းသင်ရိုးများကဲ့သို့ပင် ဖြစ်သည်။ ယောမင်းကြီးက စင်ကြယ်သောရေအတွင်း၌ ဟိုက်ဒရော်ဂျင်း ၁ ဆံနှင့် အောက်ကစီဂျင်း ၁ ဆ ဟု ရေးသည်။ ယနေ့ကာလ၌ နားလည်နေကြသော $H_2O$ နှင့် နှိုင်းယှဉ်ကြည့်ရန် ဖြစ်ပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင် 'ဆီအမျိုးမျိုး၏ဂုဏ်၊ ပျားရည်မျိုးတို့၏ဂုဏ်၊ ကြံအမျိုးမျိုး၏ဂုဏ်၊ စိမ်ရည်အမျိုးမျိုး၊ သေရည်အမျိုးမျိုး ပြုလုပ်နည်းလည်း ပါသည်။ အသားအမျိုးမျိုး၊ အသီးအမျိုးမျိုး၊ ချက်၍စားကောင်းသော အသီး၊ အရွက်များတို့၏ ဂုဏ်များလည်း ရေးထားသည်။

အသားအမျိုးမျိုးအကြောင်း ရေးသားရင်း

အသားကိုပြုတ်၍ ရသောအရည်ကို၊ ပဲများပြုတ်၍ရသောအရည်ကဲ့သို့ 'ယူသ' ဟူ၍ ခေါ်၏။ သိုးဆောင်းတို့ဘာသာလည်း 'စော-တ်' ဟု ခေါ်၏။

အသားပြုတ်အရည်ကို ရှင်းပြထားသည်။ သိုးဆောင်းဘာသာ 'စော-တ်' ဆိုသည်မှာ Soup ပင် ဖြစ်သည်။ အရပ်စကားပြောရလျှင် 'စွပ်ပြုတ်ရည်' ပင် ဖြစ်သည်။


mgyoe.com

အသားစော-တ်အမျိုးမျိုး။ ။ အသားစော-တ်သည် နှုတ်ကို မြိန်စေတတ်၏။ ပင်ပန်းခြင်း၊ ပန်းနာ၊ ဓာတ်ရေကုန်ခန်းခြင်းတို့ကို နိုင်၏။ ဝစေတတ်၏။ လေသည်းခြေကို နိုင်၏။ မျက်စိနှင့် သင့်၏။ အသက်ရှည်စေတတ်၏။

-အစရှိသဖြင့် စွပ်ပြုတ်ရည်၏အကျိုးကျေးဇူးများ ရေးသားထားရာ အိမ်၌ သက်ကြီးရွယ်အို၊ လူနာရှိသူများအတွက် အကျိုးများစေသည်။

ယောမင်းကြီး၏ ဥတုဘောဇနသင်္ဂဟကျမ်းကို ပညာရှင်ကြီးများက မြတ်နိုးစွာ သုံးသပ်ထားကြသည်။

* ဆရာဇေယျက

ဥတုဘောဇနသင်္ဂဟကျမ်းသည် 'ဆေးပညာအခြေခံကျမ်းတစ်စောင်'ဟုလည်း ခေါ်ထိုက်ပေသည်။ ကျန်းမာရေးအလို့ငှာ လှုပ်ဆေးခြင်း၊ အားကစားပြုလုပ်ခြင်း၊ ဆီနံ့သာမွှေး လိမ်းကျံခြင်း၊ ချေးတွန်းခြင်း၊ ရေချိုးခြင်း၊ အစာစားခြင်း၊ စားပြီးနောက် စင်္ကြံသွားခြင်းတို့ကို စနစ်တကျပြုလုပ်ရန် လမ်းညွှန်ထားသည့်ပြင်၊ အစာအမျိုးမျိုးတို့၏ အာဟာရဂုဏ်သတ္တိကို ဖော်ပြထားလေသည်။ [၂၇]

* ဆရာမောင်ထင်၏ အမြင်သုံးသပ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥတုဘောဇနသင်္ဂဟကျမ်းသည် 'ဥတု'နှင့် 'အာဟာရ' တည်းဟူသော အကြောင်းတရား ၂ ပါးကြောင့် လူတို့၌ ကျန်းမာခြင်း၊ မကျန်းမာခြင်း၊ အသက်ရှည်ခြင်း စသည်တို့ ဖြစ်ရသည်ကို အထူးထူးသောဆေးကျမ်းတို့နှင့် ညှိနှိုင်း၍ ပြုစုထားသောကျမ်း ဖြစ်သည်။ ကျန်းမာရေးအတွက် လူတို့ မည်သို့နေထိုင်စားသောက်ရမည်ကို ပြသည်။ အချို့သောပညာရှင်တို့က ထိုကျမ်းသည် 'ဓာတ်စာကျမ်း'ဟု


mgyoe.com

ဆိုကြသည်။ သို့သော် ထိုကျမ်းသည် ဓာတ်စာကိုသာ အလေးဂရုပြု၍ ဖော်ပြသောကျမ်း မဟုတ်။ ဥတုပြောင်းလဲမှုကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်အရပ်ကြောင့် လည်းကောင်း၊ အသက်အရွယ်ကြောင့် လည်းကောင်း၊ ခန္ဓာကိုယ်ဖောက်ပြန်သည့်အခါ ကျန်းမာခြင်းကို တည်ဆောက်ရန်အလို့ငှာ မည်သို့ နေထိုင်စားသောက်ရမည်ကို အစုံ အလင်ပြသည်။ ယခုခေတ်၏သဘောနှင့် ညီအောင်ပြောရလျှင်၊ ဥတု ဘောဇနသင်္ဂဟကျမ်းသည် ထိုခေတ်ရှိ မြန်မာတို့အတွက် ပြည်သူ့ ကျန်းမာရေးလမ်းညွှန် ဖြစ်သည်။ ကျန်းမာရေးကို ရှေးရှု၍ လုတ်ဆေး ခြင်း၊ အားကစားပြုလုပ်ခြင်း၊ ဆီနံ့သာမွှေး လိမ်းကျံခြင်း၊ ချေးတွန်း ခြင်း၊ ရေချိုးခြင်း၊ အစာစားခြင်း၊ စားပြီးနောက် စင်္ကြံသွားခြင်း၊ ခုတင်မွေ့ရာတို့ကို အသုံးပြုခြင်း-စသည်တို့ကို စနစ်တကျ ပြုလုပ် ဆောင်ရွက်ရန် သြဝါဒကိုပေးသည်။ [၂၀]

* ဆရာမာဃသည် 'ပညာရပ်ဆိုင်ရာ မြန်မာစာတမ်းများ' ခေါင်းစဉ်ဖြင့် ဖတ်ကြားခဲ့သော စာတမ်းဖတ်ပွဲတွင် 'ဆေးပညာစာပေ' စာတမ်းတစ်စောင် တင်သွင်းဖတ်ကြားခဲ့သည်။ ထိုစာတမ်းထဲ၌

ဥတုဘောဇနသင်္ဂဟကျမ်းကိုလည်း ၁၂၄၂ တွင် ယော မင်းကြီးပင် ပြုစုခဲ့သည်။ ဗိန္ဒောကျမ်းမျိုးဖြစ်သည်။ ထိုကျမ်းကား မြန်မာလူမျိုး ဆေးဆရာများအတွက်သာ မဟုတ်ဘဲ မြန်မာလူထုတစ် ရပ်လုံးအတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေးမှစ၍ နေနည်း၊စားနည်း၊ဝတ်နည်းများပါ မကျန်၊ အသက်ရှည်ရာ အနာမဲ့ရေးအတွက် လိုက်နာဖွယ်၊သိမှတ်ဖွယ် တို့ကို ဖော်ပြသောကျမ်းဖြစ်သည်။

ထိုကျမ်းကိုလည်း ဆေးပညာနှင့် ကျန်းမာရေးအတွက် ဗုဒ္ဓ စာပေရှုထောင့်၊ အာယုဗ္ဗေဒစာပေရှုထောင့်၊ သိပ္ပံပညာရှုထောင့်၊ ရိုးရာ



mgyoe.com

အစဉ်အလာရှုထောင့် စသည်ဖြင့် ထောင့်စုံစွာပြုစု၍ထားသောကျမ်း ဖြစ်ပေသည်။ [၂၉]

-ဟူ၍ သုံးသပ်ထားသည်။

✱ ကျန်းမာရေးဝန်ကြီးဌာနကကျင်းပသော တိုင်းရင်းဆေး ပညာစာမေးပွဲများအတွက် 'မြန်မာတိုင်းရင်းဆေးပညာသမိုင်း' ကို ကျောင်းသင်ခန်းစာအဖြစ် ပြဋ္ဌာန်းထားသည်။ ထိုဆေးပညာသမိုင်း စာအုပ်အတွင်း၌

ယောမင်းကြီး၏ အခြားကျမ်းတစ်ကျမ်းကား 'ဥတုဘောဇနသင်္ဂဟကျမ်း' ဖြစ်သည်။ အမည်နှင့်လျော်စွာ ရာသီဥတုအလိုက် စားသောက်နေထိုင်နည်းနှင့် အာဟာရဆိုင်ရာပညာရပ်ကို တတ်သိနားလည်ကြစေရန် ဥတုရာသီနှင့်တကွ အသား၊ အသီး၊ အပွင့်၊ အရွက်၊ အဥ စသည်တို့၏ အကျိုးသွားများကို သာသနာတော်ကျမ်း၊ အာယုဗ္ဗေဒကျမ်းလာ အဆိုအမိန့်များ၊ အနောက်တိုင်း အယူအဆများနှင့် နှီးနှောရေးသားထားသည်။ ဖတ်ရှုလေ့လာသူတိုင်း နားလည်သဘောပေါက်နိုင်သော စကားပြေမျိုးဖြင့်လည်း ရေးသားထားသည်။ ထိုကျမ်းသည် ရွှေမန်းခေတ်ပညာရှင်တို့၏ ရှိသေလေးစားခြင်းကို ခံရသောကျမ်း ဖြစ်လေသည်။ [၃၀]

-ဟူ၍ သုံးသပ်ထားလေသည်။

ထိုသုံးသပ်ချက်ထဲ၌ ဥတုဘောဇနသင်္ဂဟကျမ်း၏စကားပြေကို 'လေ့လာဖတ်ရှုသူတိုင်း နားလည်သဘောပေါက်စေနိုင်သော စကားပြေ'အဖြစ်လည်း ကျမ်း၏စကားပြေကို အကဲဖြတ်ထားသည်။

ဥတုဘောဇနသင်္ဂဟကျမ်း၏ စကားပြေရေးဟန်သည် သွက်လက်ဖျတ်လတ်သောစကားပြေအဖြစ် ထင်ရှား၏။ ယောမင်းကြီးသည် ပြောချင်သည့်အကြောင်းအရာကို ဖွဲ့နွဲ့ခြင်းမရှိဘဲ တိုက်ရိုက်ပြောဟန်ဖြင့် ရေးထားသည်။ သာဓကအားဖြင့်


mgyoe.com

ချိုဆိမ့်ရသသည် များသောအားဖြင့် ဓာ၏၊ ရသ အစရှိသော ဓာတ် ၇ ပါး နို့ရည်အအးတို့ကို ပေးတတ်၏။ မျက်စိနှင့် သင့်၏။ လေသည်းခြေကို နိုင်၏။ ဝခြင်းအညစ်အကြေးပိုးတို့ကို ဖြစ်စေတတ် ၏။

အချဉ်သည် အစာကို ကြေစေတတ်၏။ နှုတ်ကို မြိန်ရေစ တတ်၏။ သွေးသည်းခြေသလိပ်တို့ကို ပျက်စေတတ်၏။ ကြေလွယ် ၏။ လေကို နိုင်၏။ ပိန်စေတတ်၏။ ထက်၏။ ပူ၏။ အဆီသြဇာ ရှိ၏။ အသံကို ကောင်းစေတတ်၏။

သဘော်ဆီးဖြူသီးသည် နှလုံးကို နှစ်သက်စေတတ်၏။ ဖန်ချဉ်ရသ ရှိ၏။ ကြေခဲ၏။ သလိပ်သည်းခြေတို့ကို နိုင်၏။ ခံတွင်း ကို ရှင်းစေတတ်၏။ နှုတ်ကို မြိန်စေတတ်၏။

-ဟူသော စကားပြေများ၌ ပြောချင်သည့်အကြောင်းအရာကို တိုက်ရိုက်ပင်ပြောထားသည်ကို တွေ့နိုင်သည်။

* ယောမင်းကြီး၏စကားပြေကို အောက်ပါအတိုင်း မြန်မာစာ ပါမောက္ခ-ငြိမ်း ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က သုံးသပ် ထားသည်။

ယောအတွင်းဝန်၏ စကားပြေဟန်ကို ခေတ်အသွင်အပြင် အဖြစ်ရှုမြင်လျှင် မြန်မာဘာသာနယ်ပယ်ထဲတွင် အသားကျ အနည် ထိုင်နေပြီဖြစ်သော ပါဠိ,သက္ကတမွေးစားစကားများ၊ ဘာသာပြန် စကားများနှင့် အသစ်ဝင်လာသောအင်္ဂလိပ်မွေးစားစကားများ, ဘာသာပြန်စကားများကို အံဝင်ခွင်ကျသုံးနှုန်းကာ မြန်မာမှုအခြေခံ ခိုင်မာသော ခေတ်၏အသွင်အပြင်နှင့်အညီ မြန်မာ့ဟန်မူမပျက် ရေးသား ထားသည့်ဟန်မျိုး ဖြစ်ကြောင်း တွေ့ရပါသည်။ တစ်ဖန် ယောအတွင်း ဝန်သည် ရှင်းရှင်းပြတ်ပြတ် တွေးခေါ်ဆင်ခြင်တတ်သောစရိုက်ရှိ ကြောင်း သူ့စာများက ဖော်ပြနေရာ၊ သူ့စကားပြေဟန်ကို သူ့ပင်ကို


mgyoe.com

mgyoe.com
SAMPLE BOOK


စရိုက်သွင်ပြင်အဖြစ် ရှုမြင်လျှင် 'ရှင်းလင်းပြတ်သားသောစကားပြေ ဟန်မျိုး'ဖြစ်ကြောင်း တွေ့ရပါသည်။ သို့ဖြင့် ဥတုဘောဇနသင်္ဂဟ ကျမ်းလာ 'လေမရှိရာဠ္ဌ သတ္တဝါတို့ အသက်မရှုနိုင်။ ထို့ကြောင့် သိုးဆောင်းတို့ဘာသာ 'ဗယ္ယွန်း'ခေါ် ဟိုက်ဒရော်ဂျင်းအခိုးထွက်သော ပိုးအိတ်တပ်သော သမ္ဗန်ငယ်နှင့် ကောင်းကင်းသို့ပျံရာ လင်းတခြေ ထောက်ကိုလည်း ကြိုးနှင့်ချည်၍ ယူသွားရာ မြန်မာ ၂ တိုင်ခန့်သာ လင်းတလိုက်နိုင်သည်။ လူများလည်း ၃ တိုင်ခန့်သာ တက်နိုင်သည်။ လေမရှိသည့်တိုင်အောင် မဟုတ်သေး၊ လေနည်းပါးရုံမျှနှင့်ပင် အသက်ရှူခက်၍ မော်ပန်းလှသောကြောင့် ပြန်ဆင်းရသည်။

-ဟူသည့် အင်္ဂလိပ်ဘာသာအငွေ့အသက်ပါသော လေသံ ပြတ်သိပ္ပံစကားပြေဟန်မျိုး [၃၀]

ယောမင်းကြီး၏စကားပြေဟန်ကို အင်္ဂလိပ်ဘာသာ အငွေ့အသက်ပါသော လေသံပြတ်သိပ္ပံစကားပြေဟန်အဖြစ် မှတ်ချက် ချထားသည်။

* ဆရာမာဃက ဤသို့သုံးသပ်ထားသည်။

ထို့ကြောင့် စစ်ကြိုခေတ်ပေါ် မြန်မာဗိန္ဓောဆေးကျမ်းများ တွင် ယောမင်းကြီး၏ဥတုဘောဇနသင်္ဂဟကိုပင် ကျော်လွန်နိုင်သော ကျမ်းမျိုး ရှားပါးခဲ့ပေသည်။ ဥပမာ-အင်္ဂလိပ်ခေတ်ပေါ်သော ရှုတော်မူ ဆေးကျမ်း စသည်တို့ကို ကြည့်ပါ။ ဆေးပင်များ၏ အကျိုးအပြစ် တို့ကို ဥတုဘောဇနသင်္ဂဟထက် များစွာ ပြောင်းလဲကျော်လွန်အောင် မပြနိုင်ချေ။ အမြင်ကိုသာ ပြောင်းလဲကျော်လွန်မှု မပြုနိုင်ရုံ မဟုတ်၊ အရေးအသားသည်ပင် ရှေးဟောင်းအတိုင်း များစွာတူညီနေပုံကို တွေ့ရသည်။ သို့သော် သတိပြုသင့်သည်မှာ မူရင်းဘာသာကပင် တိုတိုရေးရမည့်အရာမျိုးဖြစ်၍ တိုတို (သို့မဟုတ် လုံးကောက်လောက်) သာ ရေးထားသဖြင့် ဘာသာပြန်သောအခါ တိုတိုပြန်သောအရာများ ရှိပေသည်။


mgyoe.com

စသည်ဖြင့် ရေးသားကာ ဒဗ္ဗဂုဏပကာသနီကျမ်း၊ ဥတုဘောဇနသင်္ဂဟကျမ်းနှင့် ပုံပြဆေးအဘိဓာန်တို့၌ ရေးသားထားသော ကြောင်လျှာသီး၏ ရသာသြဇာဂုဏ် အရေးအသားများကို နှိုင်းယှဉ်ပြထားပြီး

အထက်ပါ အရေးအသားများကို ကြည့်ပါက မူရင်းသက္ကဘာသာ၊ ဟိန္ဒီဘာသာ စသည်တို့ကပင် လုံးကောက်လောက်သာ ရေးထားခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး လုံးကောက်ရေးပုံချင်း တူနေပေသည်။ [၃၂]

သက္ကတစာပေ၏သြဇာလွှမ်းမိုးနေ၍ မူရင်းဘာသာက လုံးကောက်သာ ရေးထားသောကြောင့် လုံးကောက်ဘာသာ ပြန်ထားခြင်းဖြစ်ကြောင်း သုံးသပ်ထားသည်။

ယောမင်းကြီးသည် ဥတုဘောဇနသင်္ဂဟကျမ်းတွင် အင်္ဂလိပ်ဝေါဟာရများကို အသံလှယ်စနစ်ဖြင့် ဘာသာပြန်ကာ ထည့်သွင်းရေးသားထားသည်ကို တွေ့ရသည်။

ဤ၌လည်း သိုးဆောင်းခေါ် စင်ခိုနာ (Cinchona) ပင်၏ အခေါက်မှထုတ်ယူသည့် ကွီနိုင် (Quinine) ကဲ့သို့ အခါးသက်သက်ကိုယူ

သိုးဆောင်းဆေးဆရာတို့ အလိုအားဖြင့် ပေပရမင် (Peppermint) နှင့် ကာကျူပတီ (Cajupati) သည် သောက်လိုက်လျှင် ပူစပ်ပြီးနောက်

မေ့လျော့ထိုင်းမှိုင်းစေသောဆေးမျိုး ကလော်ရဖန် (Chloroform) စသည်တို့ကဲ့သို့တည်း။

ကလော်ရစ်အာစစ် (Chloric acid) ၊ တာရပင်ဆီ (Turpentive) ၊ လင်စီ (Linseed) ၊ ဝိုင် (Wine) ၊ ဗြန္ဒီ (Brandy)၊ ရွန် (Rum) ၊ ဇင် (Gin) ၊ ဝှစ္စကီ (Whisky) ။ စသည်တို့ဖြစ်သည်။

mgyoe.com

SAMPLE BOOK


ဤသို့ဘာသာပြန်နိုင်ခြင်းမှာလည်း မင်းထင်ပညာသိဒ္ဓိ ကျော်ခေါင်ဘွဲ့ရ ဖန်ချက်ဝန်ဦးရွှေအိုးနှင့် တွဲဖက်၍ 'လောကစာတ် ဆေးကျမ်းကြီး' ကို မြန်မာဘာသာပြန်ဆိုခဲ့သောကြောင့် ဖြစ်နိုင်ပေသည်။

* ယောမင်းကြီး၏ သိပ္ပံဝေါဟာရမြန်မာပြန်ကို ဦးရွှေဇံအောင်က

ယခုထိ မည်သူမျှ မယှဉ်ပြိုင်နိုင်သေးသော မြန်မာပညာရှိ ရွှေပြည်မင်းကြီး ဦးဘိုးလှိုင်၏ အင်္ဂလိပ်သိပ္ပံဝေါဟာရများအား မြန်မာ ပြန်ချက်များကို ကျွန်ုပ်အနှစ်သက်ဆုံးဖြစ်သည်။ [၃၃]

-ဟူ၍၊ သူနှစ်သက်လေးစားကြောင်း ထုတ်ဖော်ဂုဏ်ပြု ထားသည်။

* ယောမင်းကြီး ဤကဲ့သို့ သိပ္ပံပညာရပ်များနှင့်ဆက်စပ်၍ ကျမ်းများ ပြုစုခဲ့သော်လည်း၊ ဤသိပ္ပံကျမ်းများ တိမ်ကောသွားရ ခြင်းကို ဆရာဇေယျက

အမှန်စင်စစ် ယောမင်းကြီးတို့ခေတ်က စတင်ထူထောင် ပေးခဲ့သော သိပ္ပံစာပေနှင့် သိပ္ပံပညာအုတ်မြစ်သည် တိုင်းပြည်တွင် ထီးကျိုးစည်ပေါက် မဖြစ်ခဲ့ပါလျှင် ယခုခေတ်သို့တိုင်အောင် အရှိန်နှင့် ရွေ့လျားတိုးတက်လာရမည်ပင် ဖြစ်သည်။ သို့ရာတွင် နယ်ချဲ့လက် အောက်ခံ ကိုလိုနီဘဝသို့ ခရစ်နှစ် ၁၈၈၆ ခုနှစ်တွင် တစ်ပြည်လုံး သက်ဆင်းရသည်၌ သိပ္ပံစာပေလမ်းကြောင်းသည် ဖြောင့်ဖြူးသင့် သလောက် မဖြောင့်ဖြူးဘဲ တိမ်ကောသွားရလေသည်။ [၃၄]

-ဟူ၍ သုံးသပ်မှတ်ချက်ချထားသည်။

ယောမင်းကြီး၏ ဥတုဘောဇနသင်္ဂဟကျမ်းသည် ဆေးကျမ်း တစ်ကျမ်းဖြစ်သော်လည်း သမားလက်တွေ့ကုထုံးကျမ်းမျိုး မဟုတ် ပေ။ ဥတုရာသီနှင့် သမမျှတအောင်နေတတ်စေရန် ဥတုရာသီ၏ သဘောနှင့် အနေအထိုင်အကျိုးအပြစ်များကို ရေးထားသည်။ မျက်နှာ သစ်၊ သွားတိုက်၊ ရေချိုး-အစရှိသော တစ်ကိုယ်ရေသန့်ရှင်းရေးကို


mgyoe.com

mgyoe.com
SAMPLE BOOK


လည်း ရေးသားထားသည်။ ရေကောင်းရေသန့်၏သဘာဝနှင့် အကျိုးအာနိသင်၊ ရေကောင်းရေသန့်ရအောင် ပြုပြင်နည်းတို့မှစ၍ အစားအသောက်အထိ ပါဝင်သည်။ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးအတွက် ပြုစုထားသောကျမ်းဖြစ်၍ အများအတွက် အသုံးဝင်သည်။ အများနားလည်လွယ်စေမည့်စကားပြေဖြင့်လည်း ပြုစုထားသည်။ စကားပြေသည် တိုတိုပြတ်ပြတ် ရှင်းရှင်းလင်းလင်း ရေးသားထားသောကြောင့် ပြောချင်သည်ကို တိုက်ရိုက်ပြောထားသောကြောင့် ခက်ခက်ခဲခဲ ဖတ်ရခြင်း မရှိနိုင်ပေ။

ဤသို့ ဥတုဘောဇနသင်္ဂဟကျမ်းကို လေ့လာပြီးပြောနေရသော်လည်း၊ စိတ်ထဲ၌ 'ယောမင်းကြီးသာ ရှိခဲ့လေလျှင်'-ဟူ၍ တွေးမိသည်။ ယောမင်းကြီးက သူပြုစုထားသော ဝိမုတ္တိရသကျမ်း, ကာယာနုပဿနာကျမ်း, ဥတုဘောဇနသင်္ဂဟကျမ်းများကို မြင်းထိန်းတောက ချီးမွမ်းသောကြောင့် တောကိုခေါ်ပြီး၊ ဒေါင်းဒင်္ဂါး ၁၆ ပြားထုတ်ပေး၍ 'ပုဆိုးဝယ်ဝတ်ရန်'ပြောပြီး နောင်ကို မချီးမွမ်းရန် ပိတ်ပင်သည်။-ဟု ဖတ်ရဖူးသည်။[၃၅]

ယောမင်းကြီးရှိသေးလျှင်လည်း ဤသို့ခေါ်၍ ပုဆိုးဝယ်ဝတ်ရန် ဒေါင်းဒင်္ဂါးပေးပြီး ဤအမှာစာကို ပုံနှိပ်ခြင်းမပြုရန် ပိတ်ပင်မည်လား။-ဟု တွေးပြီးပြုံးမိသည်။ သို့သော် မြင်းထိန်းတောကမူ စာများကို မဖတ်ဘဲပြောခြင်း ဖြစ်သည်။ ယခုအမှာစာသည်ကား ယောမင်းကြီး၏ကျမ်းများကို ဖတ်ရှုပြီးသော် ဆရာကြီးများ၏ သုံးသပ်ချက်များကိုပါ လက်မလွှတ်ဘဲ လေ့လာမိသောကြောင့် တောကဲ့သို့ 'စာမကြည့်ဘဲ ပြောခြင်း' မဟုတ်ကြောင်း ဝန်ခံနိုင်ပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်းသည် ယနေ့တိုင် ဆေးပညာရပ်နယ်၌ လေ့လာနေရဆဲ ကျမ်းတစ်စောင်ဖြစ်နေသေးသည်။ မြန်မာ့အာဟာရသိပ္ပံကျမ်းအဖြစ်လည်း ယနေ့တိုင် ခေတ်မီနေဆဲပင်။

ဦးအေးချို(မဟာဝိဇ္ဇာ)


mgyoe.com

## အညွှန်းများ

၁။ ဖေယျ။ ။ 'ဤငါးဦး'-မြန်မာ့မျက်ပွင့် (ရှာစလေ့၊ လူစလေ့) ရန်ကုန်မြို့ ထိန်ဝင်းစာပေ တတိအကြိမ်၊ ၁၉၆၂ ခုနှစ်။ စာ ၁၉၂-၁၉၄။

၂။ ရွှေဘိုမိမိကြီး။ ။ 'မဟာလူရည်ချွန် ရွှေပြည်ဝန်ကြီး ဦးဘိုးလှိုင်။ ရန်ကုန်မြို့၊ စာပေဗိမာန်၊ ပထမအကြိမ်၊ ၁၉၉၇ ခုနှစ်၊ စာ-၁၃၃။

၃။ 'ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိ' (ဥတုဘောဇနသင်္ဂဟ ကျမ်း၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ပဌမအကြိမ်၊ ၁၉၆၅၊ စာ-ဠ)

၄။ မြန်မာ့စွယ်စုံကျမ်း-အတွဲ ၈၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ တတိယ အကြိမ်၊ ၂၀၁၁၊ စာ ၃၆၃-၃၆၄

၅။ ရွှေမန်းမင်းလှဂုဏ်ရောင်။ ။ 'ယောအတွင်းဝန်အဖြစ် လူသိများသူ ဦးဘိုးလှိုင်' (ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မွန် မြန်မာ့လူချွန် ၁၀၀၊ ရာပြည့်စာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၄၊ စာ-၂၀၉)

၆။ 'ဤငါးဦး' စာ-၁၉၄။

၇။ 'ရွှေပြည်ဝန်ကြီးအတ္ထုပ္ပတ္တိ' စာ-ဍ

၈။ -- ထို -- စာ-ဃ

၉။ -- ထို -- စာ-ဏ

၁၀။ -- ထို -- စာ-ဏ

၁၁။ -- ထို -- စာ-ဒ

၁၂။ ဥတုဘောဇနသင်္ဂဟကျမ်း၊ နိဂုံးဂါထာ ၁၁၊ စာ-၂၄၆။

၁၃။ မြစ်ကြွေးမြို့စား ဝန်ရှင်တော်မင်းကြီး။ ။ 'အလင်္ကာနိသျ' ရန်ကုန်မြို့၊ ကိဝိမျက်မှန်စာပုံနှိပ်တိုက်၊ ၁၂၈၇၊ စာ၃၉၄

၁၄။ ဒေါက်တာမျိုးသန့်တင်။ ။ ဦးရွှေအိုးနှင့် 'လောကဓာတ်ဆေး ကျမ်းကြီး' (ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင် များ၊ ရန်ကုန်မြို့၊ စာပေလောကစာအုပ်တိုက်၊ ပထမ အကြိမ်၊ ၁၉၈၄၊ စာ ၃၀၁-၃၁၇)



mgyoe.com

၁၅။ ဒေါက်တာမျိုးသန့်တင်။ ။ 'ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်း' (ကုန်းဘောင်ခေတ် မြန်မာ့သိပ္ပံပညာရှင်ကြီးများ စာ ၁၀၇-၁၃၇)

၁၆။ ဇေယျ။ ။ 'ဤငါးဦး' စာ ၁၉၃။

၁၇။ အရှင်ဩဘာသာဘိဝံသ။ ။ 'သုတေသနသရုပ်ပြအဘိဓာန်' ရန်ကုန်မြို့၊ သာသနာရေးဦးစီးဌာန၊ ၂၀၀၂ ခုနှစ်၊ စာ-၂၇ (နောင်ညွှန်းလျှင် သုတေသနသရုပ်ပြဟု ညွှန်းမည်)

၁၈။ မောင်ထင်။ ။ 'တည်းဖြတ်သူ၏နိဒါန်း' (ယောမင်းကြီးဦးဘိုးလှိုင်၏ ရာဇဓမ္မသင်္ဂဟကျမ်း၊ ရန်ကုန်မြို့၊ ထိန်ဝင်းစာပေ၊ ပထမအကြိမ်၊ ၁၉၆၀။ စာ-၁၅၅)

၁၉။ 'အလင်္ကာနိသျ' စာ-၃၉၄

၂၀။ 'နိဒါန်း' ဥတုဘောဇနသင်္ဂဟကျမ်း၊ ဟံသာဝတီ၊ စာ-ဆ

မောင်ထင်။ ။ တည်းဖြတ်သူနိဒါန်း။ စာ-၁၅၇

၂၁။ ဦးတိုး။ ။ ရာမရကန်၊ ရန်ကုန်မြို့၊ စိတ်ကူးချိုချိုစာပေ၊ ပြန်လည်စီစဉ်ခြင်း၊ ၂၀၁၅၊ စာ-၃၉

၂၂။ -ထို- စာ-၄၀

၂၃။ ရွှေတောင်နန္ဒသူ။ ။ 'မွေ့နွှန်းရကန်'၊ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ ၁၉၆၆၊ စာ-၁၀

၂၄။ သုတေသနသရုပ်ပြ၊ စာ-၅၀

၂၅။ 'မြန်မာတိုင်းရင်းဆေးပညာသမိုင်း'၊ ကျန်းမာရေးဝန်ကြီးဌာန၊ ၁၉၇၈။ စာ-၉၁၀ (နောင်ညွှန်းလျှင် တိုင်းရင်းဆေး-ဟုညွှန်းမည်။)

၂၆။ ဥတုဘောဇနသင်္ဂဟ၊ စာ ၅၇-၅၈

၂၇။ ဦးယော(ဇေယျ)။ ။ 'မြန်မာနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့သော သိပ္ပံစာပေများ' (လူထုအတွက် သိပ္ပံစာပေ၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ စာ-၇၆) (နောင်ကိုးကားလျှင် 'သိပ္ပံစာပေများ'ဟု ကိုးကားမည်။)



mgyoe.com

mgyoe.com

၂၈။ မောင်ထင်။ ။ တည်းဖြတ်သူနိဒါန်း၊ စာ ၁၅၅-၁၅၆
၂၉။ ဦးသာတင်(မာဃ)။ ။ 'ဆေးပညာစာပေ'၊ 'ပညာရပ်ဆိုင်ရာ မြန်မာစာတမ်းများ'၊ ပထမတွဲ၊ ရန်ကုန်မြို့၊ စာပေဗိမာန်၊ ပထမအကြိမ်၊ ၁၉၈၄၊ စာ-၄၄) (နောင်ကိုးကားလျှင် 'ဆေးပညာစာပေ'ဟု သုံးသည်။)
၃၀။ တိုင်းရင်းဆေး၊ စာ-၉၁
၃၁။ ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)။ ။ 'ရှေးခေတ်မြန်မာစကားပြေ' (မြန်မာစကားပြေစာတမ်းများ၊ ပထမတွဲ၊ ရန်ကုန်၊ စာပေဗိမာန်၊ ပထမအကြိမ်၊ ၁၉၈၃၊ စာ ၈၀-၈၁)
၃၂။ 'ဆေးပညာစာပေ' စာ ၇၃-၇၄
၃၃။ ဒေါက်တာမျိုးသန့်တင်။ ။ 'ဒေါက်တာဦးရွှေဇံအောင်၏ သိပ္ပံကျမ်းများ' (ရှေးခေတ်မြန်မာသိပ္ပံကျမ်းများ၊ ရန်ကုန်မြို့၊ စာပေလောကစာအုပ်တိုက်၊ ပထမအကြိမ်၊ ၁၉၈၇၊ စာ ၂၇၄-၂၇၅)
၃၄။ သိပ္ပံစာပေများ၊ စာ-၇၇
၃၅။ မော်ပီဆရာသိန်းကြီး။ ။ ယောအတွင်းဝန် ဦးဘိုးလှိုင် (မြန်မာ့လွှတ်တော်ဝန်ကြီးမှူးကြီးများ၊ ရန်ကုန်မြို့၊ အေးအေးစာပုံနှိပ်တိုက်၊ ဒုတိယအကြိမ်၊ ၁၉၆၇၊ စာ ၁၀၆-၁၀၈)


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

# ယောမြို့စားအတွင်းဝန် ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိ

မန္တလေး ရတနာပုံ ပထမမြို့တည်၊ နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးလက်ထက်ကစ၍ သားတော် သီပေါမင်းတရား လက်ထက်တော်တိုင် မြန်မာနိုင်ငံတော်၌ 'ပညာရှိတစ်ယောက်' ဟူ၍ အတိုင်းတိုင်းအပြည်ပြည် နှံ့သိထင်ရှား ကျော်စောသဖြင့်၊ သက္ကရာဇ် ၁၂၄၅-ခုတွင် ကွယ်လွန်သော 'ယောအတွင်းဝန်' ခေါ် နောက် 'ရွှေပြည်ဝန်ကြီး' အတ္ထုပ္ပတ္တိစာတမ်း။

| | | |
|---|---|---|
| အထက်မြန်မာနိုင်ငံ အဝန်းနံပါတ် | ... | ၆ |
| ဥတ္တရခရိုင်အဝန်းနံပါတ် | ... | ၆ |
| မန္တလေးဒိစကြိတ်နံပါတ် | ... | ၆ |
| မန္တလေးအရပ်ဌာနနံပါတ် | ... | ၆ |
| ကျောက်စာအမည် | ... | ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိစာတမ်း |
| မူလထိုးစသည်ပြဆိုချက် | ... | မူလ |
| မူလတည်ရာဌာန | ... | ကမ္ဘည်းကျောက်စာရုံး |
| ယခုတည်ရာဌာန | ... | ၄င်း |
| သာသနာ | ... | ၂၄၂၂ |
| ကောဇာ | ... | ၁၂၄၅ |
| ပြုလုပ်သူ | ... | သံတော်ဆင့် မင်းလှမင်းထင်ရာဇာ |
| ပြုလုပ်သည့်ဝတ္ထုအဆောက်အဦ | ... | 'ယော အတွင်းဝန်' ခေါ် နောက်-ရွှေပြည်ဝန်ကြီးအကြောင်း အတ္ထုပ္ပတ္တိစာတမ်းကို ရေးသားထားသည်။ |

---

ရွှေပြည်ဝန်ကြီး အတ္ထုပ္ပတ္တိစာတမ်းကို အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံမှ ကျောက်စာများကို ပုံရိုက်ကူးယူပုံနှိပ်လုပ်ဆောင်ရာ စာအုပ်ကြီးမှ ထုတ်နုတ် ဖော်ပြလိုက်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင္ဂမဟာသေနာပတိ ဝန်ရှင်တော် မကွေးမြို့စား ငန်ကြီးမင်း 'မင်းသတိုးမင်းကြီး မင်းလှ မဟာမင်းခေါင်သီဟသူ' ဘွဲ့အမည်ရှိသော အမတ်ကြီးသည်

သုနာပရန္တ တမ္ဗဒီပ တိုင်းမချက်ချာ ဧရာဝတီ နဒီမြစ်ထိပ် ဆိပ်ကြီးကမ်းကြီးဖြစ်၍ အနီးအဝေး မြို့, ကျေး, ခရိုင် နိုင်ငံတော်အရပ်ရပ်တို့မှ ယှက်စပ်ဥဒဟို လူဗိုလ်ဝန်းလျား အမျိုး ၄ ပါးတို့ဖြင့် ပြွမ်းလျက် ကမ်းစည်းတစ်ကြော သင်္ဘော, တုံးစပ်, ကုလ္လပ်, သမ္ဗန် စသည်တို့ဖြင့် အသံမစဲ ရုတ်ရုတ်သဲသဲ အမြဲဆိုက်ကပ် ကူးကားရောင်းဝယ် ပျော်ပါးနေထိုင်ရာဖြစ်သော မြင်းခြံရွာကြီးအထက် တလုပ်မြို့အဝင်အပါ ရွာပုလဲရွာဝယ်၊

အမရပူရ ဒုတိယမြို့တည်နန်း တည်ဖြစ်တော်မူသော ဓောင်းကလောကန်ဦး လောကမာဏိစူဠာစေတီတော် ဒါယကာ ရွှေဘိုမင်းတရားကြီး ၈ ထီးလျှံလူ ရိပ်ဖြူတော် အောက် မရောက်မတိုင်မီ သာယာဝတီမင်း အဖြစ်ကစ၍ ကိုယ်ပွားရဲဖော် ကျွန်တော်ရင်း အဖြစ်နှင့် ယုံကျုံစလောက် မြောက်မြားပွားလူး ဂုဏ်ထူးဝိသေသရှိသော ရေနံချောင်းမြို့စား ယင်းတောဝန်ကြီးမင်း 'သတိုးမင်းလှကျော်ထင်', ဝန်ကြီးကတော် မယ်ငြိမ်းတို့တွင် ပုဗ္ဗေကတ ပုညမင်္ဂလာ ပါရမီကံ စီမံထောက်ပံ့ မွေးမြူရအံ့ ရှေးကျိုးငံ့သဖြင့် ဝတြဘူဖျား ၅ ပါးဝရဖိန် လက်ချိန်အပြိုင် အခိုင်ရိုးရွှက် ပြိုးပြက်သိဒ္ဓိ ပြီးခေါင်ထိသော လက်နက်ရှိန္ဒမာ စကြာဆင်ဖြူများသခင် ဖြစ်တော်မူသော, 'သီရိတြိဘဝနာ ဒိတျာဓိပတိ ပဝရပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇ' တံဆိပ်နာမံတော်ရှိသော, မဟာဝိဇယရံသီစေတီတော်ဒါယကာ ရတနာပူရ စတုတ္ထမြို့တည်နန်းတည်ဖြစ်တော်မူသော ဘကြီးတော်မင်းတရား လက်ထက်တော်-

ကောဇာသက္ကရာဇ် ၁၁၉၁-ခု နှောင်းတန်ခူးလဆန်း ၁၀ ရက် ညဥ့် ၃ ချက်တီး ကျော် ဖ နေ့[၁]အဝင် ကန်တွင်လဂ်နှင့် သောကြာ၊ မိန်မှာ တနင်္ဂနွေ၊ ကရကဋ်တွင် တနင်္လာ, စနေ၊ ကန်၌ ရာဟု၊ ဓနုမှာ အင်္ဂါ, ကြာသပတေး၊ စဉ်နက္ခတ် ၇ လုံး ၁ ပါဒ် ၅ ဗိဇနာတွင် ဖွားမြင်၍၊

'မောင်လှိုင်'ဟူသောအမည်ဖြင့် အရည်အချင်းသတင်းထင်ရှားသိကြားလိမ္မာသော အရွယ်သို့ရောက်လျှင် တလုပ်မြို့နယ် ကျုပိုရွာလျှင် ဖွားရာဇာတိရှိသော မဟာထေရ်မြတ် အထံ အပ်နှံပညာ လက်ဦးသင်ကြား မိဘတို့ဝတ္တရား မချွတ်မမှား မြတ်စွာဘုရားသာသနာ တော်တွင်းသို့ ရှင်သာမဏေအဖြစ်ရောက် ချီးမြှောက်ထမ်းဆောင်ရှိသည့်အတွင်း၊ သက္က

---

၁။ ဖ နေ့ = သောကြာနေ့

mgyoe.com

mgyoe.com SAMPLE BOOK

ရာဇ် ၁၂၀၆ခု နယုန်လဆန်း ၇ရက် ၅တေးနေ့[၁] ဘဝရှင်မင်းတရားကြီးဘုရား မင်းတဲ အေးဝန်းရပ်စံနန်းတော်သို့ ထွက်စံတော်မူကြိုက်အခါ၊ အဖ ယင်းတောဝန်ကြီးသည် ကမ္မဝွယ အနိစ္စသဘော ရွှေလျှောပျက်စီးချိန် ရောက်လတ်ရကား၊ အရှင်မျက်ကွပ် ကျေးဇူးတော်ရပ် သက်ပိုင်ဆပ်၍ ရပ်ကလာပ်ဟောင်း လဲပြောင်းကွယ်လွန်ပြီးနောက်၊ သက္ကရာဇ် ၁၂၀၇ ခု တော်သလင်းလ-အမရပူရမြို့သို့ဝင်တော်မူ၍ သက္ကရာဇ် ၁၂၀၇ခု တော်သလင်းလ အမရပူရမြို့သို့ ဝင်တော်မူ၍ သက္ကရာဇ် ၁၂၀၈ ခု တန်ဆောင်မုန်းလပြည့် ကျော် ၁၄ ရက်နေ့ညဉ့် ၂ ချက်တီးကျော် ၁ မောင်းအချိန် မဟာဓမ္မရာဇ် စိုးလစ်နတ်ရွာ ရှိသောခါလျှင်၊ သားတော်အကြီး အမရပူရ စတုတ္ထနန်းစံဖြစ်တော်မူသော 'သီရိသုဓမ္မ တိလောကပဝရ မဟာဓမ္မရာဇာဓိရာဇာ' တံဆိပ် နာမံတော်ရှိသော မဟာလောကရံသီစေတီ တော်ဒါယကာ ပုဂံမင်းတရား ဆက်ပွားမွေခံ ရိုက်ရာစံ၍ နိုင်ငံအလုံး သိမ်းကျုံးစိုးယူတော်မူသောကာလ အမိ ယင်းတောဝန်ကြီးကတော်က သာမဏေအဖြစ်မှ လူဝတ်လဲစေပြီးလျှင်၊

မိမိပိုင် ရွှေ, ငွေပစ္စည်းများနှင့်တကွ သား'မောင်လှိုင်'ကို ညီတော်မင်းတုန်းမင်း-'သီရိမဟာသီဟသူရ ဓမ္မရာဇာ'ထံ ရွှေစက်တော်ရင်း အပ်နှင်းဆက်သရာ၊ မြောက်ဆောင်တော် ဘုရားအား အပ်နှံတော်မူသဖြင့် သားတော်ရင်းစစ် ရင်နှစ်မပြား အရှင် ၂ ပါး မွေးစားပြုစု တော်မူခြင်းကို ခံရပြီးမှ၊ သာသနာတောမွေနှစ် ရှင်ချစ် ၂ ပါး ခံစားတော်မူရန် သာမဏေရ ပဗ္ဗဇ္ဇကံဖြင့် မြောက်ဆောင်တော်ဘုရား ထပ်မံချီးမြှင့်တော်မူပြီး၍ ကျောက်ထီးရှုန်းနှမ်း သျှောင်ပန်းဦးရစ် ဆရာရင်းစစ် ဖြစ်တော်မူသော 'ကဝိန္ဒာဘိ သီရိသဒ္ဓမ္မဓဇ မဟာဓမ္မ ရာဓိရာဇဂုရု' တံဆိပ်တော်ရ ပင်းဆရာတော်ထံ၌ ထုံးစံရမိ အပြည့်ကျိုအောင် ပတိစယ အာသေဝနစွမ်းအား သင်ကြားနာခဲ့သဖြင့်၊

ဤသို့ချည်းလျှင် ပင်လယ်သမုဒ် ရေအစုပ်နှင့် ပုံထုတ်နှိုင်းတမ်း သဒ္ဒါကျမ်းတို့၌ တစ်ဖက်ကမ်းကူး လင်းယဉ်မှူးဖြစ်တော်မူသော 'မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မ ရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ ပြည်ဆရာတော်ဘုရား၏အထံ၌ သဒ္ဒါဗျာကရိုဏ်း ဆစ်ပိုင်းခဲရပ် ပုဒ်စပ်ပုဒ်ယှဉ် နည်းအစဉ်တို့၌ ဝဋ္ဋဍုန အဝါးဝအောင် ကျနစွာသင်ခဲ့ခြင်း။

ပါဝစန ဘုရားနှုတ်နက် စက်ဓမ္မရတ် မုက္ခပါဌ်ကို ထုတ်ခတ်ကမ်းကူး ပန်းသို့ ရူးဆွတ် ဂုဏ်ထူးဝုမိ ဗုဒ္ဓိဗျူဋ္ဌန ချက်မှန်ကျလျက် တိပိဋကေ စွယ်လှခြောက်လျှံ တောက်ပျံ ညီးညီး အမုန်းတီးတီး ပေါက်သားကြီးတို့ ထီးခရိုင်တူ ဖြစ်တော်မူသော 'ပညာဇောတာ ဘိဝံသ သီရိပဝရ ဝိဇယာလင်္ကာရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု' တံဆိပ်

---

[၁] ၅ တေးနေ့ = ကြာသပတေးနေ့

mgyoe.com

mgyoe.com SAMPLE BOOK

တော်ရ ဗားကရာသာသနာပိုင် ဆရာတော်ဘုရားကြီးအထံ၌လည်း ဓမ္မူပဒေသ, ဂရုပဒေသ, နယ္မပဒေသ နေကျကုံလုံ ဥသသုံတျင်းတျင်း မပဟင်းမလစ် စက်မှန်ပစ်သကဲ့သို့ အားသစ်ကြိုးစား သင်ကြားနာခံခဲ့ခြင်း။

ဤသို့လျှင်တည့် မာတင်မုန်သောက် ပေါက်အာဇာနည် မဟာထေရ်ကြီးတို့၏ အထံ၌ နည်းခံနာယူ သမ္မုပစိတ ဥဿယဟ အထူးပွားလူး ပညာအာစရိယ မုဋ္ဌိလက်ဆုပ်မိအောင် ဆည်းပူးသင်ကြားသည့်အတွင်း၊ သက္ကရာဇ် ၁၂၁၄ခု ပြာသိုလဆန်း ၈ရက် ဖ နေ့သို့ရောက်လျှင် မင်းတုန်းမင်း သီရိမဟာသီဟသူရဓမ္မရာဇာ ညီတော်ကနောင်မင်းသား သီရိသုမဟာဓမ္မရာဇာ တို့သည် ရွှေထီးရွှေနန်း ကြငှန်းရိပ်ငြိမ် မြောက်အိမ်ဥပရာဇ်မွေနှစ်ရာ ရိုက် သိမ်းမြန်းထိုက်သော ပါရမီတော် နှိုးဆော်ချိန်သင့် ပွင့်လတ်ရကား၊ နောင်တော်ပုဂံမင်း တရားကြီးဘုရားသည် မတရားသောအမှုုအမတ်တို့စကားကို ယုံမှားတော်မူသဖြင့် စကြာ လေးလီ နောင်ညီ ၂ ပါး ဖဝါးကြာမုံ ဖွင့်လတ်တုံ၍ ရွှေဘုံအောင်မြေနန်းတော်မူသည့်ကာလ၊ ရှင်သာမဏေအဖြစ်မှ လူဝတ်လဲလှယ်ပြီးလျှင် သေနင်္ဂါမိပပုဏ္ဏာကကဲ့သို့ ၂ ပါးအကျိုး အဲခိုးသံယံလျက် ကိုယ်အသက်ကို သံချည်တစ်မြှင့် ပန်းတစ်ပွင့်အနှိုင်း ပုံခိုင်းစာနာ အရေးအရာကိုလျှောက်ထား၍ မဟောသက်ဖျား သိကြားယုံကျူဝိသကြုံနတ်စစ်မှုုအလား အပါးတော်တွင် မြဲစွဲခယမ်း ထမ်းရွက်ခြင်းဖြင့် ပြည်ထဲရေးခွင့်နှင့်စပ်သည့်အကြောင်း အရာများကို အတိုင်ပင်တော် ခံရသည်။

ယင်းသောအခါ လမ်းစဉ်တစ်လျှောက် နှောင့်ယှက်ဖီဆန် ရန်ဆူးရန်ငုတ် ရန်ခလုတ်တို့ကို ပယ်နုတ်ချက်တုံ ဘုန်းတော်ခြံခဲ့၍ ရတနာသိင်္ဃမြို့ တအုံ့ရွာရှေ့ ညောင်ပင်ကြီးစခန်းသို့ တပ်တော်ဆိုက်ရပ်သည်တွင် ရေးရာအခင်း စိုင်းပြင်းတော်မူသောအခါ မြတ်သောမင်းဧကရာဇ်အဖြစ်ဖြင့် ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူရန် အရေးစကားကို အသက်၂၃ နှစ်ရွယ် လူငယ်အဖြစ်နှင့်ပင် တင်လျှောက်သောစကားတိုင်း နာယူတော်မူ ပြီးလျှင်၊ မင်းတုန်းဘုရား သိကြားတန့်နှုန်း ဘုန်းနှင့်လက်ရုံး ကြုံးတော်မူ၍ မြန်မာ့ဦးစွန်း ကြငှန်းဆောက်ရာ ရတနာသိင်္ဃ ရွှေဘိုမြို့ကြီးကို ၄င်းလဆန်း ၁၂ ရက်နေ့ ဘုန်းမီးလွှတ်သတ် ရည်မှတ်သွေးချို့ အလိုတော်မြတ် ပြည့်မြောက်လတ်သဖြင့်၊ သက္ကရာဇ် ၁၂၁၄ ခု တပေါင်းလဆန်း ၁၀ ရက်နေ့ ရိပ်ခိုကသစ် သူရာယစ်ကို ဒေဝရာဇ်ဖျား ဘုန်းမြင့်ဝါးသကဲ့သို့ ဟန့်တားဖီဆန်ရှိတိုင်းရန်တို့ကို တွန်းလှန်ဥသသုံ ကြွင်းမဲ့ကုန်သော် ရွှေဘုံဥက္ကဋ္ဌ အမရ ပြည်လုံး လက်နက်ကျုံး၍ မင်းဆုံးဓမ္မရာဇ် ဖြစ်တော်မူလျှင်၊ ယခင်အရေးအရာတွင် လျှောက်တင်ခဲ့ဖူးသည့်



mgyoe.com

SAMPLE BOOK

အတိုင်း ကုန်တွင်ပြီးပြေသော အရည်အသွေးကို မြော်ခေါ်အားရခြင်း၊ ရင်နှစ် မပြား မွေးစားတော်မူခဲ့ခြင်းကို အကြောင်းပြု၍၊ အောင်မြေဌာန ရတနာသိင်္ခမြို့မှာ ခေတ္တ စံနေတော်မူစဉ် 'မင်းလှစည်သူ' ဘွဲ့နှင့် ယောမြို့ကို အောင်ဆုထပ်ပွား အစားသနားတော်မူ သည်ကို ခံရပြီးနောက်၊ သားတော်၊ ညီတော်၊ ဆွေတော်နှိုင်းနှုန်း ရွှေဘုန်းတော်မှောက် အိမ်တော်ဆောက်၍ ချီးမြှောက်ရာထား ခစားထမ်းရွက်ရသည့်အတိုင်း၊ 'ယောမြို့စား မင်းသား'ဟူ၍ ထင်ပေါ်ကျော်စောလေသည်။ နောက် 'မြင်းတင်အခွန်များ'ကို ထပ်မံ အစား သနားတော်မူပြန်၍ ကုလားဝန်အရာ ခန့်အပ်တော်မူသည့်အတွင်း၊ အဂ္ဂမဟာ သေနာပတိ မကွေးမြို့စား ဝန်ကြီးမင်း၏သမီးငယ် ခင်ဖြူနှင့် မှူးရိုးမတ်ရိုး အမျိုးမပြား ထိမ်းမြား လက်ထပ်တော်မူသည်။

## ယောမြို့စား၏ ရာထူးဂုဏ်နှင့်ပြုစုသောကျမ်းများ

- သက္ကရာဇ် ၁၂၂၀ ပြည့်နှစ်အတွင်း အသက် ၂၉နှစ် ရောက်သောအခါ၊ အရည် အချင်း သတင်းကျေးဇူး ထူးသည့်အလျောက် ချီးမြှောက်မစခြင်း၌ ယမရာဇ်မင်း ကဲ့သို့ စိစစ်ေးမြော်ရှု ပြုစုချီးမြှင့်တော်မူတတ်သော ရာဇဂုဏ်အတိုင်း၊ တတိယ အကြိမ် 'မင်းကြီး မင်းလှမဟာစည်သူ' ဘွဲ့နှင့် အတွင်းမဟာသေနာပတိ စော်ဘွားကြီးနောက် နေရာတော်နေ အတွင်းဝန် ခန့်တော်မူ၍၊
- ပေါရာဏိက မဆွရှည်ဝေး ရှေးမင်းအဆက်ဆက်တို့ ကြံဖြစ်ခဲ့သော တိပိဋက သေလက္ခရ ကျောက်စာများကို ပုဒ်၊ ပါဠိ၊ အက္ခရာ မချွတ်မယွင်းစေရအောင် ကျောက်ထက်အက္ခရာ ရေးထုကူးတင်ခြင်း အလုပ်အဆောင်ကို ကြီးမှူးကြပ်မ ထမ်းရွက်ရသည်။
- နောက်သက္ကရာဇ် ၁၂၂၅ ခုနှစ်မှာ မင်းလျာအစစ် ဥပရာဇ်ဘုန်းပေ့ အိမ်ရှေ့ မင်းဘုရား၏ အမိန့်တော်အမြွက်အရ မဇ္ဈိမဒေသ ဝင်္ဂတိုင်းမှ ရွှေဘုန်းတော်မြတ် ကြောင့် ထွန်းပေါ်ဆက်သသည့် ဘာသျှကာသဆရာစီရင်သော သက္ကဋ္ဌဘာသာ လီလာဝတီဂဏန်းကျမ်းကို မြန်မာဘာသာ နိဿယ ပြန်ဆိုရေးသား ဆက်သရ သည်။

သက္ကရာဇ် ၁၂၂၇ ခုနှစ်တွင် ထမ်းရွက်ရသည့် ရေးခွင့်ကိစ္စများတွင် အလိုတော် မြတ်နှင့် မညီညွတ်သဖြင့် နတ်မင်းဝေဿဝဏ် ရာဇမာန်ကဲ့သို့ စိတ်သန်ဝှန်ထက် အမျက်


mgyoe.com

တော်ရှိလတ်ရကား၊ ခန့်တော်မူရင်း အတွင်းဝန်ရာထူးမှ နုတ်ပယ်ရပ်သိမ်း နေထိုင်ရသည့် နောက် သက္ကရာဇ် ၁၂၂၈ ခုနှစ်တိုင်ရောက်မှ ယောမြို့စား မင်းကြီးမင်းလှမဟာစည်သူ ဘွဲ့နှင့် ဆောင်ကြိုးရွက်ကြီး အစီးအနင်း နေရာတော်များမှာ အထက်သူကောင်းပြုတော်မူရင်း အတိုင်း ချီးမြှောက်တော်မူပြီးလျှင် နိုင်ငံတော်အတွင်းရှိ ဈေးပွဲ၊ ကင်း၊ ကူးတို့ အကောက် ခွန်တော်များနှင့် စက်ရုံတော်အရပ်ရပ်များကို ဆိုင်ရာအပ်နှင်းတော်မူသဖြင့် ကြည့်ရှု ဆင့်ဆိုထမ်းရွက်ရသည့်အတွင်း၊

ဤခါအကြိုက် အမြိုက်နိဗ္ဗူ လက်ဆောင်ဟူ၍ ရှေးရှူ ရိုးရင်း နှလုံးသွင်းလျက် မန္တလေးမြို့တော် မြောက်ပြင် သူရဲတပ်ရွာအရှေ့ မြတ်မွေ့သာယာသော မြေအဖို့တွင် အလျှင်မဆွ ဣဋ္ဌကာရာမအုတ်ကျောင်း စ၍တည်လုပ်ပြီးလျှင်၊ ပိဋကတ် ၃ ပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ ဂန္ထန္တရများကို လက်ခံကံကျွေး ပေးငှားရေး သား စပြုသည့်အတွင်း၊ သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် ယခင်နုတ်ပယ်ထားတော်မူသော အတွင်းဝန်အရာကို ထပ်မံခန့် အပ်တော်မူသည့်ပြင်၊ ကျိဝန်အရာ ဌာနန္တရ တွဲဖက်အပ်နှင်း အတွင်းဝန်၊ ကျိဝန်၊ ယောမြို့စား၊ 'မင်းကြီးမင်းလှမဟာစည်သူ'ဟူသော ဘွဲ့အမည်ဖြင့် အမှုတော်ကို ထမ်းရွက် စဉ်ကြိုက်အခါ၊

- ဓာတ်ရိုက်မေးမြန်း ကြေးနန်းစကား ပြောကြားသည့် အခြင်းအရာ ဘာသန္တရ တစ်ပါးပင် ဆိုတန်ဆိုထိုက်သော 'လီဝိဒီပိကာ'ကျမ်းကို ရေးသား ဆက်သွင်း သည့်နောက်၊
- ဗေွကြန်လက္ခဏာအင်္ဂါပိုင်းခြား မြင်းမျိုးအပြားကို ပြဆိုရာဖြစ်သော 'အဿ ဘေဒ'ကျမ်းကို အမိန့်တော်မြတ်နှင့် ရေးသားဆက်သွင်းပြီးလျှင်၊
- ပင်လယ်ကမ်းနုတ် သမုဒ်တပဲ နက်နဲဆန်းကြယ်သော အဋ္ဌကထာ၊ ဋီကာနှင့် တကွသော ပိဋကတ် ၃ ပုံ၌ရှိသော သဒ္ဒါရေးအရာ ကောင်းမွန်စွာအကုန်အစင် သိလွယ်စေခြင်းငှာ သက္ကဋဘာသာ၊ မဂဓဘာသာ သဒ္ဒါကျမ်းအမျိုးမျိုးတို့မှ စကားချင်းထပ်သည်ကို ပယ်နုတ်ပြီးလျှင် သွတ်သွင်း သင့်သည့် ထေရဝါဒတို့ကို သွတ်သင်း၍ အရှင်ဗုဒ္ဓဃောသသည် သင်္ဂဟအဋ္ဌကထာကို ရေးသားစီရင်တော်မူ သကဲ့သို့ 'သဒ္ဒသင်္ဂဟ'မည်သောကျမ်းကို မဆွရှေးဖျား ရေးသားစ ပြုသည်။

သက္ကရာဇ် ၁၂၃၃-ခုနှစ်တွင် အမိန့်တော်မြတ်နှင့် သုနာပရန္တတိုင်း စလင်းမြို့သို့ စေလွှတ်တော်မူရာ မြင်းခြံရွာကြီးသို့ ရောက်လျှင်၊ အနိဋ္ဌ ၄ပါး တရားလောကဓံ



mgyoe.com

ဆက်ဆံရခြင်း မကင်းနိုင်သော သဘောဖြစ်ရကား 'မင်းတို့မျက်စောင်း အကြောင်းမရွေး' ဟူသည်နှင့်မသွေ ရွှေနှလုံးတော် အခန့်မသင့်သည်နှင့် အရာမှနုတ်သိမ်းတော်မူသည်ကို ခံရပြန်၍ မန္တလေးမြို့ထောင်တွင် အကျဉ်း ၆ လ နေရဆဲအခါ၌၊ ပုဂံနရသီဟပတေ့မင်း လက်ထက် ရာဇသင်္ကြံအမတ်ကြီးကို ဒလမြို့သို့ပို့ရာ သံဝေဂရဘိသည်နှင့် တစ်ပြေးညီစွာ သံဝေဂနောင်တ ရလတ်ရကား၊ တေဘူမကဝင်မှ လွတ်ခြင်းကိစ္စ ရသူအထူးကို ပြရာ ပြကြောင်း ဖြစ်သော ဝိမုတ္တိရသကျမ်းကို ရေးသားသည့်

- နောက်သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် အဂ္ဂမဟာသေနာပတိ ပုခန်းကြီးမြို့စား ဝန်ကြီးမင်း 'မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူ' တောင်းပန်ချက်ဖြင့် **မဟာသမထဝိနိစ္ဆယကို** နေ့ချင်းပြီး ရေးသားသည်။
- သက္ကရာဇ် ၁၂၃၅ ခုနှစ်သို့ ရောက်လျှင် အမျက်တော်ရှိပြန်ရကား၊ အကျယ်ချုပ်နှင့် အမရပူရမြို့သို့ ပို့ထားတော်မူသည့်အတွင်း ရေးရင်းလက်စ **သဒ္ဒသင်္ဂဟကျမ်း**ကို ဆက်လက်၍ စီရင်ရေးသားသည်။
- သက္ကရာဇ် ၁၂၃၆ ခုနှစ်တွင် ပညာဂုဏ်ထူး ကျေးဇူးရဲဖော် ထောက်မြော်တော်မူရကား မိဘတို့သည် သားကောင်းရတနာအား ကောင်းစွာထိန်းသိမ်း စောင့်ရှောက်ဘိသည့် ပမာ၊ ပြစ်ဆာမထား သနားကရုဏာ သဒ္ဒါယုံကြည်ရင်းမပျက် ဆက်လက်ပြီးလျှင် မန္တလေးမြို့သို့ခေါ်တော်မူ၍၊ 'မင်းကြီးမင်းလှမဟာစည်သူ' ဘွဲ့အမည်ရင်းနှင့်တကွ ဝက်မစွတ်မြို့ကို အစားသနားတော်မြတ်ခံစေ၍ အမှုတော်ကို ထမ်းရွက်ရသည်။
- နောက် အထက်ပေးအပ်တော်မူရင်း လက်ကိုင်ဆိုင်ရာများနှင့်တကွ မြို့တော်အရှေ့ပြင် မဟာအတုလဝေယန်ကျောင်းတော်ကြီး မပြီးမပြေရှိသည်ကို ကြီးမှူးကြပ်မ လုပ်ဆောင်ရသည့်အတွင်း ရွှေပြည်ဝန် ခန့်တော်မူသည့်အပြင်၊ အတွင်းဝန်အရာနှင့်တကွ ထပ်မံခန့်အပ် နေရာလွတ် နေရာတော်နေ သနားတော်မူသည် ဖြစ်၍၊ 'အတွင်းဝန်'၊ 'ရွှေပြည်ဝန်'၊ 'ဝက်မစွတ်မြို့စား' ဟူသော အမည်ဖြင့် ထင်ရှားကျော်စောသည့်အတွင်း၊ သမီးတော်စုဖုရား စလင်းမြို့စား သုသီရိမြတ်စွာရတနာဒေဝီ၏ တောင်းပန်ချက်ဖြင့် 'ကာယာနုပဿနာကျမ်း' ကို ရေးသားဆက်သွင်းရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

- နောက်သက္ကရာဇ် ၁၂၃၉ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်နေ့။ တောင်နန်းတော် ညီလာခံတွင် ပဥ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ သတပတ်ရွှေကြာပန်းနှင့် နှုန်းနှန်းမြွက်အိန့် သောင်းလုံးထိန့်သော အမိန့်တော်မြတ်ကို ဦးထိပ်အပြင် ဆင်ရွက်ရ သည့်အတိုင်း 'ဝိပဿနာဉာဏ် ၁၀ ပါး' ကို အကျယ်, အလတ်, အကျဉ်းအားဖြင့် ရေးသားဆက်သရသည်။
- သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် မဟာအတုလဝေယန်ကျောင်းတော်ကြီး လုပ်ဆောင် ပြီးပြေရာ ဘဝရှင်မင်းတရားကြီးသည် မင်းမိဖုရား, သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးတော်, မတ်တော်, ဝန်စု, ဗိုလ်စု, အမှုထမ်းကျွန်တော်မျိုးတို့နှင့် ထွက်တော်မူကြီး ထွက်တော်မူ၍ ကျောင်းလွှတ်ပူဇော်တော်မူရာတွင်၊ အတွင်းဝန်-ရွှေပြည်ဝန်- ဝက်မစွတ်မြို့စား 'မင်းကြီးမင်းလှမဟာစည်သူ' ကို 'သတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ' ဘွဲ့အမည်နှင့် အဂ္ဂမဟာသေနာပတိဝန်ကြီးတို့ အစီးအနင်း, အဆောင်အရွက်သနားတော်မူသည်ကို ခံရသည်။
- နောက် ထိုနှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့။ နေ့ ၂ ချက်တီးကျော် ၆ မောင်း အချိန်တွင် ခြားသီးသမုဒ္ဒရာ ဒီပါပါကို စကြာလှည့်ပတ် ဗိုလ်ပေါင်းညွတ်သော စက္ကဝတ်မင်းဖျား မင်းတရားသည် သားကြီးရတနာအားစကြာရောက်ရာ ၁၂ ပါးသော တရားကိုကြားတော်မူလျက် ၄ ကျွန်းခရိုင်နိုင်ငံခပင်း ဗိုလ်လုံးရင်းတို့ကို ဆောက်နှင်း တော်မူ၍ မရူရာဇ်စံ ဘုံပျံ့ဉကင်နတ်နန်းဝင်တော်မူသကဲ့သို့၊ မန္တလေးရတနာပုံ ရွှေမြို့တော် ကြီးကို လက်မွန်အစတည်ထောင်ဖန်ဆင်းတော်မူသော 'သီရိပဝရဝိဇယာနန္တယသပဏ္ဍိ တတြိဘဝနာဒိတျာဓိပတိ မဟာဓမ္မရာဇာဓိရာဇာ' တံဆိပ်နာမံ ခံတော်မူသော မဟာလောကမာရဇိန် စေတီတော်ဒါယကာ ပဥ္စမသင်္ဂါယနာတင် အရှင်ဘဝရှင်မင်းတရားကြီးဘုရားသည်
- မရေတွက်သာ များလှစွာသောစေတီ, ပုထိုး, ဘုရား, ကျောင်း, ကန်စသောကုသိုလ်ကောင်းမှုတော်တို့ကို ပြုစု ကိုးကွယ်တော်မူခြင်း။'
- ပဥ္စမသင်္ဂါယနာ မင်္ဂလာသဘင် ရင်တော်မူခြင်း၊ မြတ်စွာဘုရား နှုတ်နက်တော်မြတ်ဖြစ်သော ပိဋကတ် ၃ပုံ ပါဠိတော်များကို ရွှေရေး, မင်ရေး, ဖံပရေး-


mgyoe.com

mgyoe.com
SAMPLE BOOK


၃ ပါးတို့ဖြင့် မရေတွက်နိုင် ပည်းလှိုင်မြောက်မြား ကာလရှည်လျား ရေးသားပြုစု တော်မူသော်လည်း ရောင့်ရဲတော် မမူနိုင်ရကား သေလာရင္ဒ သေလက္ခရာ ကျောက်စာ,ကျောက်ဂူ စိုက်ထူတည်ထားတော်မူခဲ့ခြင်း။

- မင်းနှင်နှင်တို့ ရွက်ဆောင်နိုင်ခဲသော သာသနာတော်မြတ်၏ အကျိုး, ကိုယ်တော်မြတ်၏ အကျိုးများနှင့် သဟာယဓနတ် ဒေဝရာဇ်၏ နတ်စစ်သည်တော်တို့ပင် ငြင်ငြင်ငြိုငြို နှင်ဖြိုဖျက်ဆီးခြင်းငှာ မတတ်ကောင်းသော ကျုံး, မြောင်း, ပစ္စင်, ရင်တား စသော ရဇ္ဇင် ၇ ဖြာ မြို့အင်္ဂါတို့နှင့် ပြည့်စုံစွာသော မန္တလေး စက်ရိပ် ဂီရိပ္ဗဇ ရာဇဂြိုဟ်ပြည်ကြီးပမာ ရတနာပုံရွှေပြည်တော်ကြီးကို တည် ထောင်တော်မူခဲ့ခြင်း။

-စသော သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, ပြည်သူသတ္တဝါတို့၏ အကျိုးများကို ပြုစုတည်ထောင်တော်မူခဲ့ပြီးလျှင်၊ မန္ဓာတ်စကြာမင်းကဲ့သို့ အသရေကို ဆောင်တော်မူသဖြင့် ၂၆ နှစ်ပတ်လုံး ရွှေနန်း စည်းစိမ်တော်၌ စံပယ်တော်မူပြီး၍ ဘုံသီး ၆ ဆစ် ကသစ်ဝေယန် ဗိမာန်ကြငှန်း နတ်နန်းစိုးစံတော်မူရကား၊ နေကျောက်ကမ္ဗလာ ကြာနှင့်နှုန်းနန်း ညှိုးမြန်းဆာပူ ရပ်ဟန်းရှင်,လူပြည်သူ အပေါင်းတို့အား သားတော် သီပေါမင်းတရားကြီးသည် အာဏာတောက်ထွန်း ဘုန်းရေဖျန်းတော်မူ၍ ရွှေတောင်ရွှေနန်း သိမ်းမြန်းစိုးစံတော် မူသည်။

ဤသို့ ရွှေနန်းရွှေတောင် မုနောဆောင်သော ကုန်းဘောင်ဝံသ ကောဒသမ[၁] အာဒိစ္စဗန် နွယ်လာမှန်သော မန္တလေးရတနာပုံ ဒုတိယနန်းစံဖြစ်တော်မူသော 'သီရိပဝရဝိ-ဇယာနန္တ-ယသ တိလောကာဓိပတိပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ' တံဆိပ်နာမံ ခံတော်မူသော မာရ်အောင်ရတနာ စေတီတော်ဒါယကာ မင်းတရားကြီးလက်ထက်တော်သို့ ရောက်လျှင်လည်း အတွင်းဝန်, ရွှေပြည်ဝန်, ဝက်မစွတ်မြို့စား, 'သတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ'ကို ဌာနန္တရ ထပ်ဆင့်ချီးမြှင့်တော်မူ၍ နဝရတ် ၉ ကွင်းတွင် တိုင်းခွင်ပြည်ရေး စိစ္စေးမြော်ရှုတတ်သော ဩရောသဗိုင်း ကြံတိုင်းဖွဲ့ချီး ပြည်ကြီးမှန်ကင်း ဝန်ကြီးမင်းအရာကို ခန့်အပ်တော်မူသဖြင့် မကွေးမြို့ကို အစားသနား တော်မူသည်။

---

၁။ ကောဒသမ = ၁၁ ဆက်မြောက်

mgyoe.com

mgyoe.com SAMPLE BOOK

- ထိုအခါ ကန်၏ကျက်သရေကို ဆောင်တတ်သော သတပတ်ပဒုမ္မာကြာနှင့် တရှိ ဝိဒေဟရာဇ်မင်းကြီးတွင် မဟောသဓာ သုခမိန်, ကောရဗျမင်းကြီးတွင် ဝိဓူရသုခမိန် အလောင်းတော်တို့၏ ဥယျောဇနေ ညွှန်ပြတိုက်တွန်းခြင်းကဲ့သို့ မင်းတို့ကျင့်ကြံရာ ရာဇဓမ်မလစ်စေရ ညွှန်ပြလိုခြင်း၌ နှလုံးရှိးရင်း သွင်းလတ်ရကား၊ ထိုနှစ်သက္ကရာဇ်တွင် **'ရာဇဓမ္မသင်္ဂဟကျမ်း'** ကို ရေးသားဆက်သွင်းသည်။
- နောက် အမျက်တော်ရှိ၍ စားကျေးမြို့ရွာ အစုအငန်းများနှင့်တကွ အလုံးစုံ အရာမှနုတ်သိမ်းတော်မူပြီးလျှင် တောင်ဥယျာဉ်တော်၌ အကျယ် ချုပ်ထားတော်မူသည်။
- နောက် အချုပ်အနှောင်မှလွတ်၍ သက္ကရာဇ် ၁၂၄၁ ခုနှစ်သို့ရောက်လျှင် ဗာလီဗေဒင် မျက်မြင်ဝေါဟာရတွက်ရသည်နှင့် တစ်ပြေးတည်း ညီစေခြင်းငှာ **'နဝသိဒ္ဓန္တ'** မည်သော လက်ရိုးကျမ်းကိုရေးသား၍ မပြီးမပြေမီ။
- သက္ကရာဇ် ၁၂၄၂ ခုနှစ်တွင် သတ္တဝါ ဗိုလ်လူအပေါင်းတို့၌ ယုဉ်သင့်, ကြည့်သင့်, သုံးဆောင်သင့်သော ရသ ၆ ပါးနှင့်တကွ သားမျိုး, ငါးမျိုး, သီးမျိုး, ပွင့်မျိုး အကျိုးအပြစ်တို့ကို ပြဆိုရာဖြစ်သော **ဥတုဘောဇနေ သင်္ဂဟဆေးကျမ်း**ကို ဆက်၍ စီရင်ရေးသားသည်။
- ယင်းမှနောက်၌ အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် လယ်ကိုင်းမြို့စား ကင်းဝန်သေနတ်ဝန်ကြီးမင်း **'မင်းသတိုးသုဓမ္မမဟာသက်တော်ရှည်'** တောင်းပန်တိုက်တွန်းခြင်းကို အကြောင်းပြု၍၊ ပဒ, ဝါကျ, ဒေါသ စသည်အတည်တည်တို့ကိုပြရာ အရှင်သဃ်ရက္ခိတ မထေရ် စီရင်အပ်သော **'သုဗောဓာလင်္ကာရ'** မည်သော အလင်္ကာကျမ်းကို မြန်မာဘာသာ ဖြင့် နိဿယသစ် စီရင်ရေးသားသည်။
- သက္ကရာဇ် ၁၂၄၃ ခုနှစ်မှာ မြန်မာလူမျိုးတို့၏ ဗေဒင်ကျမ်းလာ သုဘာသုဘ အဟောအပြောများကို ကောင်းစွာသိကြား နားလည်စေခြင်းငှာ များစွာသော သက္ကတဘာသာ ဗေဒင်ကျမ်းတို့ကို ညှိနှိုင်း၍ မြန်မာဘာသာဖြင့် **'မဟာသုဇာတက'** မည်သော ဗေဒင်ကျမ်း ကို စီရင်ရေးသားသည်။


mgyoe.com

- ဤ အတန်တန်ညွှန်ခဲ့သမျှ ဂုဏ်အစုတို့ဖြင့် သုနာပရန် တမ္ပဒီပ မြန်မာ့နယ်ဝန်း ပျံ့မွှမ်းခြင်းရှိသောသတင်းကောင်းကို သမုဒ်ခြားရာ 'ကလကတ္တာ'မည်သော အလှိုင်း ဝဂ်တိုင်းဖြစ်သော အိန္ဒိယနိုင်ငံ, ပရန်သစ်နိုင်ငံ, လန်ဒန်ဘိလပ် ထုတ်ချင်းခတ်အောင် လွှံ့ပတ်ကျော်စောခြင်းရှိသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် မကွေးမြို့စား ဝန်ကြီးမင်း 'မင်းသတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ'သည် သက်ပွားသက်ဆစ် ၅၄ နှစ် ရောက်လစ်သောအခါ တောဘူမကဂိုဏ်း ရှိုင်းရှိုင်းတုံပြောထူ ဟိန္ဒဂူခပဲတို့သည် ၄ မည်စစ် အင် စတုရင်ဖြင့် ဆင်သော်လည်းကောင်း၊ ပဏ္ဏာဆက်နှင်း တံစိုးသွင်း၍ ငြင်းသော်လည်းကောင်း၊ မန္တန်, ယတြာ, ဂါထာမန်းမှုတ် စုတ်သော်လည်း ကောင်း လွတ်ကြောင်း မထင်နိုင်သော ခန္ဓာ '၅'ဝ ဘင်္ဂက္ခဏ ကမ္ဘေဝရန်ကွေ့ ပန သမုတိ မရဏတရားသို့ ကောဇာသက္ကရာဇ် ၁၂၄၅ ခု ဝါခေါင်လပြည့် ကျော် ၈ ရက်နေ့-ညဥ့် ၃ ချက်တီးကျော် အချိန်တွင် ကိုယ်ထင်ပစ္စုပ္ပန် ကွယ်လွန်စဝန ဘဝကတ္တား ခြားလေသတည်း။

## ယောမြို့စား၏ ကိုယ်ရည်ကိုယ်သွေး

အဂ္ဂမဟာသေနာပတိ, ဝန်ရှင်တော်, မကွေးမြို့စား, ဝန်ကြီးမင်း 'မင်းသတိုးမင်းကြီး မင်းလှမဟာမင်းခေါင် သီဟသူ'ကား

- ရတနာ ၃ ပါး၌ မရက်မစက် ထက်မြက်သော ကြည်ညိုခြင်း ရှိ၏ သဒ္ဓါတရား ၏အစွမ်းဖြင့် လှူလှူရမ်းရမ်း ပေးကမ်းပြုစုတတ်၏။
- ပညာကိုလည်း သူမတူတန် ကဲလွန်စွာ အားထုတ်လေ့ရှိသော ဆန္ဒ ဝီရိယ ရှိ၏။ အခါခပ်သိမ်း ကြည့်ရှုမှတ်နာ လေ့လာခြင်း အားကြီး၏။
- အဋ္ဌကထာ, ဋီကာနှင့်တကွသော ဘုရားဟောပါဠိတော်၌ နက်နဲစူးရှသောဉာဏ် ဖြင့် သက်ဝင်ကြည့်ရှုနိုင်၏။
- ဗျာကရုဏ်းကျမ်း အဘိဓာန်ကျမ်း, နိဃဏ္ဍုကျမ်း, ဝိတက်ဒဏ္ဍီ, ဗျဉ္ဇိမြို့ဟတ် စသော သင်္ကရိုက်ကျမ်း, ဆေးကျမ်းအပေါင်းတို့၌ မငြိမတွယ်သောဉာဏ်ဖြင့် သက်ဝင်ကျင်လည် ကျက်စားနိုင်၏။



mgyoe.com

- မိမိ၌ တတ်စွမ်းသိမြင်လိုသော ကရုဏာသဒ္ဓါဒိတ နှလုံးသွင်းနှင့်တကွ သည်းခံ၍ သင်ကြားပြသ ဆုံးမပြောဆိုလေ့လည်း ရှိ၏။
- တိုင်းရေးပြည်မှု စီရင်ခင်း စီရင်ဖွယ်ရှိသည်များကိုလည်း ဖြောင့်ဖြောင့်ရိုးရိုး ကြိုးပမ်းထမ်းရွက်၏။
- မင်းရေး မင်းခွင် အတင်အလျှောက် စကားအပြောအဆိုတို့၌လည်း ကျွမ်းကျင် လိမ္မာ၏။
- သာသနာတော်ကျိုး၊ အရှင်အကျိုး၊ ပြည်သူသတ္တဝါတို့၏အကျိုး ဆုတ်ယုတ်မည့် အရာဖြစ်လျှင် မဆုတ်မယုတ်စေရန် မိမိ စည်းစိမ်၊ အသက်ပျက်စီးရန်မငဲ့မညှာ ဘယာဂတိကိုမထောက် ဟုတ်မှန်စွာ တင်လျှောက် ပြောဆိုလေ့ရှိ၏။
- အမျိုးအားဖြင့် မှူးရိုးမတ်ရိုး။ အဘိုးကား အမရပူရ ပထမမြို့တည်နန်းတည် ဘိုးတော်ဘုရားမင်းကြီး၏ မင်္ဂလာအိမ်တော်ပါ ရဲဖော်ယုံကျွန် ရွှေပြည်ဝန် လက်ဝဲဝင်းတော် မှူးတည်း။
- အဖကား ကုန်းဘောင်ဘုန်းတက် ရွှေနန်းဆက်၍ ၈ ချက်ရိပ်ဖြူ ဆောင်းတော်မူသော ရေ၊မြေစိုးမှူး နတ်ရန်ငူးအား ဦးဆံအသက် ဆက်၍ကိုယ်အမ်း ရဲဖော် ထမ်းသော ယင်းတောဝန်ကြီးမင်း 'မင်းသတိုးမင်းလှကျော်ထင်' တည်း။ ဤသို့အားဖြင့် အဖ၊ အဘိုး အရိုးပွားလူး အမှူးအမတ်နှင်နှင်ချည်းတည်း။

## ယောမြို့စား၏ကောင်းမှုများ

နိဗ္ဗာန်လက်ဆောင် တည်ထောင်ပြုစုသော ကောင်းမှုကား
- အထက်စာတမ်းပါ မန္တလေးမြို့တော် မြောက်ပြင် သူရဲတပ်ရွာအရှေ့တွင် ငွေအသပြာ ၃ သိန်းကျော်ကုန်ကျစေလျက် လှူဒါန်းဆောက်လုပ်သော ဣန္ဒ ကာရာမအုတ်ကျောင်းကြီးနှင့်တကွ၊ ပိဋကတ် ၃ ပုံ- ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ဂဏ္ဌန္တရ စာအင်္ဂါပေါင်း ၁၂၆၂၀ တို့ကို နိဗ္ဗာန်ကံကျွေး ချပေးရေးသား တည်ထားကိုးကွယ် ပြုစုခြင်းမှစ၍ လှူသင့်ရာရာများစွာသော ကုသိုလ်ကောင်းမှု တို့ကို ဆည်းပူးပြုစုသည်ကား များစွာလျက်ပင် ဖြစ်သတည်း။


mgyoe.com

ဖွားမြင်သော သားသမီးတို့ကား

၁- ရွှေပြည်ဝန် 'မင်းလှကျော်ထင်'ဘွဲ့ခံ သားအကြီး မောင်မောင်ဘမှာ အသက် ၂၄ နှစ်တွင် သေလွန်သည်။

၂- မှန်နန်းအပျိုတော် စဉ့်ကိုင်ရွာစား 'သုသီရိကဥ္စန'ဘွဲ့ခံ သမီးအငယ် စောဘို့မယ်မှာ ၂၃ နှစ်တွင် သေလွန်သည်။

၃- မှန်ကင်းအပျိုတော် ယင်းတောရွာစား 'သုသီရိပဘာ'ဘွဲ့ခံသမီး စောဥမ္မာမှာ ညောင်ဝန်းဝန်ထောက်မင်းသား မောင်မောင်ကလေးနှင့် သင့်မြတ်သည်။

ဤသည်လျှင် 'ရွှေပြည်ဝန်ကြီး'ဟု ထင်ရှားကျော်စောသော မကွေးမြို့စား ဝန်ကြီးမင်း 'မင်းသတိုးမင်းကြီးမင်းလှမဟာမင်းခေါင်သီဟသူ'ဘွဲ့ခံ ဦးလှိုင်၏ ဇာတိပဋိသန္ဓေတည်နေဖွားမြင်သည်က စ၍ မရဏပရိယောသာန ဘဝအဆုံးတိုင် အကြောင်းအရာ အတ္ထုပ္ပတ္တိကို ဆိုရာဆိုကြောင်းဖြစ်သော စာတမ်းအမှတ်အသား အပြီးသတ်တည်း။

*



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

အဂ္ဂမဟာသဓ္မနာပတိ ဝန့်ရှင်တော် အရာရှိ
ယောမြို့စား အမတ်ကြီး အတွင်းဝန်

ဦးဘိုးလှိုင်

# ဥတုဘောဇနသင်္ဂဟကျမ်း

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနှင့် ပဋိညာဉ်

- 'နတွာ ဗုဒ္ဓံ မဟာဝေဇ္ဇံ၊ သရဏံ သဗ္ဗ ပါဏိနံ။
သဒ္ဓမ္မံ တေန သေဝိတံ၊ သံဃံ အဌာရိယ–မုတ္တမံ။ ။'
- 'ဥတ္တရ- ဟာရနေ့ သတ္တာနံ၊ ကလ္လာ ကလ္လံ စ ဇီဝနံ။
တသ္မာ အဟံ ပဝက္ခာမိ၊ ဥတ္တရဘောဇန သင်္ဂဟံ။ ။'

- 'သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်တော်မူသော။ မဟာဝေဇ္ဇံ၊ ဆေးသမားမြတ်ကြီး ဖြစ်တော်မူထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကိုလည်းကောင်း၊ တေန၊ ထိုမြတ်စွာဘုရားသည်။ သေဝိတံ၊ ဂေါစရ, ဘာဝနာအားဖြင့် မှီဝဲအပ်သော။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ သရဏံ၊ ကိုးကွယ်ရာ ဖြစ်သော။ သဒ္ဓမ္မံ၊ 'မဂ် ၄ တန်, ဖိုလ် ၄ တန်, နိဗ္ဗာန်, ပရိယတ်'ဟူသော ထင်ရှားရှိသော သူတော်ကောင်းတို့၏ **တရား** ၁၀ ပါးကို လည်းကောင်း။ ဥတ္တမံ၊ ကောင်းမှုဟူသော မျိုးစေ့ကို စိုက်ပျိုးရာ လယ်ယာမြေမြတ်ဖြစ်တော်မူသော။ အဌာရိယံ သံဃံ၊ ၈ ပါးသော အရိယာ သံဃာတော်အပေါင်းကိုလည်းကောင်း။ နတွာ- နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးပြီး၍။


mgyoe.com

- ဥတ္တာ- ဟာရေနှ၊ ဥတု, အာဟာရဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ ကလ္လာ ကလ္လံစ၊ မာခြင်း, နာခြင်းသည်လည်းကောင်း၊ ဇီဝနံ စ၊ အသက်ရှည်ခြင်းသည် လည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဥတုဘောဇနသင်္ဂဟံ၊ အထူးထူးသော ဆေးကျမ်းတို့၌ဆိုအပ်သော ဥတုဘောဇဉ် တို့ကို ပေါင်းစုရာဖြစ်သော 'ဥတုဘောဇနသင်္ဂဟ'မည်သောကျမ်းကို။ အဟံ၊ ငါသည်။ ပဝက္ခာမိ၊ ဟောပေအံ့။

*



mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း–၁

ပဌမကဏ္ဍ

## ဥတုနှင့် အရပ်ဒေသကို ပြခြင်း

### ၁– ဥတု ၆ ပါး

'သိသိရော ပုပ္ဖသမယော၊ ဂိမှော ဝဿာ သရဒ္ဒိမော။
မာဃာဒိမာသယုဂါ တု၊ ဥတဝေါ ဆက္ကမာ ဒိမေ။ ။

ဆေးကျမ်း ဗေဒင်ကျမ်း အစရှိသော
ကျမ်းအစောင်စောင်တို့၌ လာသော
ဥတု ၆ မျိုးပြ ဂါထာ

အနက်ကား –

သိသိရော၊ သိသိရဥတု။ ပုပ္ဖသမယော၊ ဝသန္တဥတု။ ဂိမှော၊ ဂိမှဥတု။ ဝဿာ၊ ဝဿာနဥတု။ သရဒေါ သရဒဥတု။ ဟိမော၊ ဟေမန္တဥတု။ ဣတိ၊ ဤသို့။ မာဃာဒိမာသယုဂါတု၊ တပို့တွဲအစရှိကုန်သော ၂ လ– ၂ လ ဖြစ်ကုန်သော။ ဥတဝေါ၊ ဥတုတို့သည်။ ကမာ၊ အစဉ်အတိုင်း။ ဣမေဆ၊ ဤ ၆ ပါးတို့တည်း။'

ဤ၌ အဓိပ္ပာယ်ကား

၁– တပို့တွဲ, တပေါင်း–၂ လသည် သိသိရ။
၂– တန်ခူး, ကဆုန်–၂ လသည် ဝသန္တ။
၃– နယုန်, ဝါဆို–၂ လသည် ဂိမှ။
၄– ဝါခေါင်, တော်သလင်း–၂ လသည် ဝဿာန။
၅– သီတင်းကျွတ်, တန်ဆောင်မုန်း–၂ လသည် သရဒ။
၆– နတ်တော်, ပြာသို–၂ လသည် ဟေမန္တ။

ဟူ၍ 'ဥတု ၆ မျိုး' ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဤအရာ၌ 'စန္ဒြာမာသဖြင့် ယူရမည်။' ဆိုသောကြောင့် တပို့တွဲလပြည့်နေ့ စသည်တို၌ မာဃ နက္ခတ်အစရှိသော မိမိတို့လ၌ ယှဉ်သင့်သော နက္ခတ်တို့နှင့် စန်းယှဉ်ကို စွဲ၍ တပို့တွဲလ အစရှိသော လတို့ကို ယူလေ။ ဝါထပ်သော နှစ်၌လည်း စန်းယှဉ် နက္ခတ်နှင့်လကို ယူပြီးလျှင် ဥတု ၆-ပါး ဖွဲ့လေ။

## ၂- နက္ခတ္တိကနှစ်, အယနနှစ်

- 'ဘာနု မကရသင်္ကန္တာ၊ ဆမ္ဗာသာ ဥတ္တရာယနံ။
ကက္ကာဒိတု တထာ သိယာ၊ ဆမ္ဗာသာ ဒက္ခိဏာယနံ။ ။'
- 'ဒွိရာသိနာထာ ဥတဝေါ၊ တတောပိ သိသိရာဒယော။
မေသာဒယော ဒွါဒသေတေ၊ မာသာ တေဟေဝ ဝစ္ဆရော။ ။'

သူရိယ သိဒ္ဓန္တကျမ်းလာ ဂါထာ

အနက်ကား

'ဘာနု၊ တနင်္ဂနွေဂြိုဟ်၏။ မကရသင်္ကန္တာ၊ မကာရရာသီသို့ သင်္ကြန် ပြောင်းသည်ကစ၍။ ဆမ္ဗာသာ၊ 'သောရ ၆ လတည်း' ဟူသော ၆ ရာသီတို့သည်။ ဥတ္တရာယနံ၊ 'ဥတ္တရာယာဉ်' မည်၏။ တထာ၊ ထိုမှတစ်ပါး။ ကက္ကာဒိတု၊ ကရကဋ်သို့ သင်္ကြန်ပြောင်းသည်က စ၍။ ဆမ္ဗာသာ၊ 'သောရ ၆လတည်း' ဟူသော ၆ ရာသီတို့သည်။ ဒက္ခိဏာယနံ၊ 'ဒက္ခိယာယဉ်' မည်သည်။ သိယာ၊ ဖြစ်၏။

'တတောပိ၊ ထိုသို့ သင်္ကြန်ပြောင်းသည်က စ၍လည်း။ သိသိရာ ဒယော၊ သိသိရ အစရှိကုန်သော။ ဥတဝေါ၊ ဥတုတို့သည်။ ဒွိရာသိနာထာ၊ ၂ ရာသီစီ အစိုးရကြကုန်၏။ မေသာဒယော၊ အယနမိဿ အစရှိကုန်သော။ တေ ဒွါဒသ၊ ဤ ၁၂ ရာသီတို့သည်။ မာသာ၊ သောရမာသတို့တည်း။ တေဟေဝ၊ ထိုသောရမာသ ၁၂ လတို့သည်ပင်လျှင်။ ဝစ္ဆရော၊ '၁ နှစ်' မည်၏။

အဓိပ္ပာယ်ကား

တနင်္ဂနွေဂြိုဟ် နက္ခတ် တစ်ခုခုနှင့် ယှဉ်သည်က စပြီးလျှင် နောက်တစ်ဖန်ပြန်၍ ၎င်းနက္ခတ်နှင့် ယှဉ်သည့်တိုင်အောင်သော ကာလသည် 'နက္ခတ္တိကနှစ် ၁ နှစ်' ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

တနင်္ဂနွေဂြိုဟ် အန္တောဝီထိ အတွင်းစွန်းမှ ဖြစ်စေ၊ ဗာဟိရဝီထိ အပြင်စွန်းမှဖြစ်စေ သွားသည်ကို အစပြု၍ တစ်ဖန်ထိုနေရာသို့ ပြန်၍ရောက်သည်ကို 'အယနနှစ် ၁ နှစ်' ခေါ်ရသည်။

ဤနှစ် ၂ မျိုးတို့တွင် နက္ခတ္တကနှစ်ဖြင့် သတ္တဝါတို့၏ ကောင်း၊ မကောင်း သုဘာသုဘဟောရန်ကို မှတ်သား၍ မူလအဟော၊ ဂေါဇာအဟောများကို ဟောရသည်၊

အယဉ် ၂ ပါးကို စွဲ၍ဖြစ်သော အယနနှစ်ကိုစွဲ၍ အပူ၊ အအေး၊ မိုးလေအကျ၊ ဥတု၊ ရတုတို့ကို မှတ်သားပြီးလျှင် ဆေးဝါးကုသရမည်။

ဤ အယနနှစ်တွင်

၁- အယနမကာရ၊ ကုံ-၂ ရာသီတို့သည် သိသိရ။
၂- မိန်၊ မိဿ-၂ ရာသီတို့သည် ဝသန္တ။
၃- ပြိဿ၊ မေထုန်-၂ ရာသီတို့သည် ဂိမှ။
၄- ကရကဋ်၊ သိဟ်-၂ ရာသီတို့သည် ဝဿာန။
၅- ကန်၊ တူ-၂ ရာသီတို့သည် သရဒ။
၆- ဗြိစ္ဆာ၊ ဓနု-၂ ရာသီတို့သည် ဟေမန္တ။
- ဟူ၍၊ 'ရတု ၆ ပါး' ဖြစ်ကုန်၏။

- 'စတုရော စတုရော မာသာ၊ ကတ္တိကာ ကာဠပက္ခတော။
ကမာ ဟေမန္တ ဂိမှာန၊ ဝဿာန ဥတဝေါ ဒွိသုံ။ ။'
- 'ဟေမန္တော သိသိရမုတူ၊ ဆဝေါ ဝသန္တော စ ဂိမှဝဿာနာ။
သရဒေါတိ 'ကမာ မာသာ၊ ဒွေ ဒွေဝုတ္တာ နုသာရေန။ ။'
- 'ဥဏှော နိဒါဃော ဂိမှေထ၊ ဝဿာ ဝဿာနပါဝုသာ။
ဥတူဟိ တီဟိ ဝဿာနာ၊ ဒိဂကေဟိ ဒက္ခိဏာယနံ။
ဥတ္တရာယန မညေဟိ၊ တီဟိ ဝဿာ ယနဒွယံ။ ။'

မာဂဓ အဘိဓာန်ကျမ်းလာ ဂါထာ


mgyoe.com

mgyoe.com SAMPLE BOOK
အနက်မြန်မာကား

'ကတ္တိကာ ကာဠပက္ခတော။ တန်ဆောင်မုန်းလပြည့်ကျော်။ ၁ ရက်နေ့က စ၍။ စတုရော စတုရော မာသာ၊ ၄ လ-၄ လတို့သည်။ ကမာ၊ အစဉ်အတိုင်း။ ဟေမန္တဂိမှာန ဝဿာန ဥတဝေါ။ ဆောင်း, နွေ, မိုး ဥတုတို့တည်း။ ဒွိသု၊ ဥတုသဒ္ဒါ ပုလ္လိင်, ဣတ္ထိလိင်တို့၌ ဖြစ်ကုန်၏။

ဝါ၊ တစ်နည်းကား။ ဝုတ္တာနုသာရေန၊ ဆိုခဲ့ပြီးသော တန်ဆောင်မုန်း လပြည့်ကျော် တစ်ရက်နေ့ကို အစဉ်မှီးသဖြင့်၊ ဒွေ ဒွေ မာသာ၊ ၂ လ-၂ လတို့သည်။ ကမာ၊ အစဉ်အတိုင်း၊ ဟေမန္တ၊ ဟေမန္တဥတု လည်းကောင်း။ သိသိရ၊ သိသိရဥတု လည်းကောင်း။ ဝသန္တော စ၊ ဝသန္တဥတု လည်းကောင်း။ ဂိမှ ဝဿာနာ၊ ဂိမှဥတု, ဝဿာနဥတုတို့ လည်းကောင်း။ သရဒေါ၊ သရဒဥတု လည်းကောင်း။ ဣတိ၊ ဤသို့။ ဥတု၊ ဥတုတို့သည်။ ဆ၊ ၆ ပါးတို့တည်း။

ဥဏှော၊ 'ဥဏှ'သဒ္ဒါသည် လည်းကောင်း။ နိဒါဃော၊ 'နိဒါဃ'သဒ္ဒါသည် လည်း ကောင်း။ ဂိမှေ၊ ဂိမှဥတု၌။ ဟောတိ၊ ဖြစ်၏။ အထ၊ ထိုမှတစ်ပါး။ ဝဿာ၊ ဝဿာနဥတု။ ဝဿာနနံ၊ ဝဿာနဥတု။ ပါဝုသာ၊ ဝဿာနဥတု။ ဝဿာနာဒိကေဟိ တီဟိ ဥတူဟိ၊ ဝဿာန အစရှိသော ဥတု ၃ ခုတို့ဖြင့်။ ဒက္ခိဏာယနံ၊ နေသည် ဒက္ခိဏာယဉ်သွား၏။ အယနဒွယံ၊ အယဉ် ၂ ခု အပေါင်းသည်။ ဝဿော၊ '၁ နှစ်'မည်၏။

ဤ အယနနှစ်သည် အန္တောဝီထိ အတွင်းစွန်းက ဖြစ်စေ, ဗာဟိရဝီထိ အပြင်စွန်းက ဖြစ်စေ, မဇ္ဈေဝီထိက ဖြစ်စေ မှတ်၍၊ ထိုနေရာသို့ တစ်ဖန် ပြန်၍ရောက်လျှင် '၁ နှစ်' ဖြစ်သော်လည်း၊ နေရာတစ်ခုတည်းသို့ ထပ်၍ မရောက်။ ၁ နှစ်-၁ နှစ်လျှင် ဝိလိတ္တာ ၅၄ ခု အနောက်သို့ နှစ်စဉ်တိုး၍ နေ ရောက်လာသည်။ ဤကဲ့သို့နှစ်စဉ် တိုးပြောင်းသွားသည်ကို 'အယနသွား'ခေါ်သည်။

ဂြိုဟ်ပြောင်းလ မတူ

ယခုအခါမှ ပြန်၍ ရေသော် နှစ်ပေါင်း ၁၀၀၀ ကျော်ခန့်လောက်က ဤအယန မိဿရာသီ အဦးအစနှင့် နက္ခတ္တကြ မိဿရာသီ အဦးအစ ထပ်မိကြပြီးနောက် ၁ နှစ်


mgyoe.com

mgyoe.com SAMPLE BOOK


လျှင် ဝိလိတ္တာ ၅၄ ခန့် အနောက်သို့ စဉ်းငယ်စီ ရွေ့သွားသောကြောင့် ယခုအခါ အံသာ ၂၀ ခန့်လောက် ရာသီအဦးအစ ၂ ခု ကွာဝေးကြသည်ဖြစ်၍၊ ရှေးအခါက တပို့တွဲလဆန်းကို တနင်္ဂနွေဂြိုဟ်အယနမကာရသို့ ရောက်သည်ကို စွဲ၍ တပို့တွဲ၊ တပေါင်း ၂ လကို 'သိသိရဥတု'ဟု ဆိုသည်။ ယခုအခါမူကား ပြာသိုလဆန်းလျှင်ပင် အယန မကာရသို့ တနင်္ဂနွေဂြိုဟ် ပြောင်းသောကြောင့် ပြာသို၊ တပို့တွဲ-၂ လကို 'သိသိရဥတု' ခေါ်ရလိမ့်မည်။ ယခု မြန်မာနိုင်ငံတွင် သုံးစွဲကြသည့် ပြက္ခဒိန်၌ တနင်္ဂနွေစီး အံသာတွင် အယနအံသာ ၂၀ ရောလျှင် 'အယနရာသီအံသာ' ဖြစ်သည်။ ဤအယနရာသီအံသာတိုင်း ဥတု၊ ရတုတို့ကို မှတ်သား၍ ယူရမည်။

## ၃- ဥတုရတု ယူပုံ

ကမ္ဘာဦးအခါ နေ၊ လ ပေါ်စက တပေါင်းလ လပြည့်နေ့ နေ၊လ၊နက္ခတ်တို့ တစ်ပြိုင်နက် ပေါ်ထွက်သည်ကို အစွဲပြု၍ တပေါင်းလပြည့်ကျော် ၁ ရက်နေ့ကို တန်ခူး လဆန်း ၁ရက် 'နှစ်ဦး နှစ်စ'ထားပြီးလျှင် မဇ္ဈိမဒေသ၌ ခေါ်သည်။ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်ကျွန်း၊ တရုတ်ပြည်များမှာ မှတ်သားကြသည်။ ထို့ကြောင့် ယခုထက်တိုင် တရုတ်တို့မှာ တပေါင်းလကို 'နှစ်သစ်တက်လ'လုပ်ပြီးလျှင် ပွဲလမ်းသဘင် ပြုကြသည်။

ဤအတိုင်းကိုစွဲ၍၊ မာဂဓအဘိဓာန်ကျမ်းတွင် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့က စ၍ ၄ လစီ၊ ၂ လစီ ဥတုရတုတို့ကို ယူရမည်။-ဆိုသည်။

လဆန်း ၁ရက်နေ့ကကို လကွယ်နေ့တိုင် ရေတွက် မှတ်သားသောလကို 'မုချစန္ဒြမာသလ'။ လပြည့်ကျော် ၁ ရက်ကကို ရှေ့လပြည့်နေ့တိုင် ရေတွက်သောလကို 'ဂုဏစန္ဒြမာသလ'-ဟူ၍ ဗေဒင်ကျမ်း၊ ဆေးကျမ်းတို့တွင် ဆိုသည်။

မာဂဓဘာသာ 'ဥတူ'ဟူသော သဒ္ဒါကိုစွဲ၍ 'ဥတု'၊ သက္ကဋဘာသာ 'ရိတု'ဟူသော သဒ္ဒါကို စွဲ၍ 'ရတု'ဟု မြန်မာတို့က ခေါ်ကြသည်။ အနက်တူ မှတ်လေ။

၄ လစီ ပိုင်းပြီးလျှင် ၁ နှစ်ကို ဥတု ၃ ပါး ထားသည်။ ကာလ၊ အပူ၊ အအေး မတူကွဲလွဲသောကြောင့် ဆေးဝါး မပေးနိုင်ဖြစ်၍၊ ၂ လလျှင် ဥတု ၁ ခု၊ ၁ နှစ်ကို ဥတု ၆ ခုထားမှ အပူ၊ အအေး တူ၍ ဆေးဝါးပေးနိုင်သည် ဖြစ်သောကြောင့် ဆေးကျမ်း တို့တွင် ဥတု ၆ ပါးကိုသာစွဲ၍ ဆေးဝါး၊ အစားအသောက်တို့ကို ပေးသည်။


mgyoe.com

mgyoe.com SAMPLE BOOK

## ၄– ဥတု ၆ ပါး၌ ရှောင်ရန် အကျဉ်း

- 'ဗျာယာမံ ယေန ကုဗ္ဗန္တိ၊ ဝသန္တသိသိရောတုသု။
  ဗျာယာမ ဗဟုလာ ဂိမှေ၊ ဝုဋ္ဌိယံ ပလ္လလမ္ဗုပါ။ ။'
- 'ကဋ္ဋမ္ဗိလုဏ္ဍလဝဏာ၊ ဒဓိဘောဇိ စ သရဒေ။
  ဒိဝါ ဟိမသ္မိံ နိဒ္ဒါလူ၊ အာမယာ ပီဠယန္တိ တေ။ ။'

အနက်ကား

'ယေ၊ အကြင်သူတို့သည်။ ဝသန္တသိသိရောတုသု၊ ဝသန္တဥတု၊ သိသိရဥတုတို့၌။ ဗျာယာမံ၊ သွားလာလှည့်ပတ်ခြင်း၊ အပင်ပန်းခံခြင်း၊ မေထုန်မှီဝဲခြင်း အစရှိသော ကိုယ်ပင်ပန်းခြင်းကို။ နံ ကုဗ္ဗန္တိ၊ မပြုကုန်။ ဂိမှေ၊ ဂိမှ ဥတု၌။ ဗျာယာမ ဗဟုလာ၊ သွားလာခြင်း အစရှိသော အပင်ပန်းခံခြင်း များကုန်၏။ ဝုဋ္ဌိယံ၊ ဝဿာနှာ ဥတု၌။ ပလ္လလမ္ဗုပါ၊ အိုင်ငယ်ရေ၊ ကန်ရေတို့ကို သောက်ကုန်၏။

'သရဒေ၊ သရဒဥတု၌။ ကဋ္ဋမ္ဗိလုဏ္ဍလဝဏာ၊ အစပ်၊ အချဉ်၊ အပူ၊ အငန်တို့ကို စားကုန်၏။ ဒဓိဘောဇိ စ၊ နွားနို့ချဉ်၊ ကျွဲနို့ချဉ်များကိုလည်း စားကုန်၏။ ဟိမသ္မိံ၊ ဟေမန္တဥတု၌။ ဒိဝါ၊ နေ့အခါ။ နိဒ္ဒါလူ၊ အိပ်ခြင်း များကုန်၏။ တေ၊ ထိုသူတို့ကို။ အာမယာ၊ အနာတို့သည်။ ပီဠယန္တိ၊ နှိပ်စက်ကုန်၏။

ဥတု ၆ ပါး၌ ရှောင်ကြဉ်ရန်ကိုဆိုသော 'ဘေသဇ္ဇမဉ္ဇူသာကျမ်း' လာ ဂါထာပါဌ်အနက်။

'သိန္ဓုတ္ထ သက္ခရာ သုဏ္ဌိ၊ ကဏှာမဓုဂုဠေ ကမာ။
ဝဿာနာဒိသွဘယာ ဒေယျာ၊ ရသာယန ဂုဏေသိနာ။ ။'

သာရကောမုဒီ စသော ဆေးကျမ်းတို့၌လာသော ဂါထာ

အနက်ကား

'ဝဿာနာဒိသု၊ ဝဿာန အစရှိသော ဥတု ၆ ပါးတို့၌။ အဘယာ၊ ကြစုသီးကို။ သိန္ဓုတ္ထသက္ခရာသုဏ္ဌိ၊ သိန္ဓော၊ သကြားဖြူ၊ သဘော်ချင်းမှုန့်တို့နှင့် လည်းကောင်း။ ကဏှာမဓုဂုဠေ၊ ပိတ်ချင်းငယ်၊ ပျားငယ်ရည်၊ ကြံသကာတို့နှင့် လည်းကောင်း။ ကမာ၊ အစဉ်အတိုင်း။ ရသာယန ဂုဏေသိနာ၊ အိုခြင်း၊ နာခြင်းကင်း၍ အသက်ရှည်ခြင်း အကျိုးကို ရှာလေ့ရှိသောသူသည်။ ဒေယျာ၊ ပေးအပ်၏။'


mgyoe.com

## ၅- ဥတု ၆ ပါး၌ ရှောင်ရန်အကျယ်

ဤ ဥတု ၆ ပါးတို့၌ ကျင့်ရန်, ရှောင်ရန် အကျယ်တို့ကို သုသုတဆေးကျမ်း, ဘာဝပ္ပကာသ ဆေးကျမ်း, ရာဇနိဃဏ္ဍုဆေးကျမ်း, ဒဗ္ဗဂုဏပကာသဆေးကျမ်းတို့၌ လာသည့်အတိုင်း ဆိုပေအံ့။

### ၁- ဝဿာနဥတု

ယခုအခါ လောကဝေါဟာရအားဖြင့် ဝါဆို, ဝါခေါင်-၂ လသည် 'ဝဿာနဥတု' မည်၏။

ဤဝဿာနဥတု၌ စိုစွတ်၏။ ပူတုံအေးတုံ ရှိ၏။ အိုက်၏။ ကောင်းကင်၌ မိုးတိမ် မပြတ်ရှိ၏။ အနောက်က လေ ကျတတ်၏။ နတ်သမီးကွမ်းသွေးစသော ပိုး, မှက်, ခြင်, ဖား အစရှိသည်တို့ ပေါများကုန်၏။ ထိမ်, မအူ, လက်ထုတ်, ဆပ်သွား, မုလေး, ပုန်းညက် စသောပန်းပွင့်တို့သည် ပွင့်ကုန်၏။ မြစ်ရေတို့သည် ပြည့်လျှံကုန်၏။ ရေအိုင်, ရေကန်စသည်တို့၌ ကြာဖြူ, ကြာညိုတို့သည် ပွင့်ကြကုန်၏။ မြေအပြင်၌ မိုးရေဖြင့် မထင်ရှားသောကုန်းကြည်ရှိကုန်၏။ စပါးပင်တို့ဖြင့် တင့်တယ်ကုန်၏။ အမြစ်, အသီး, အပွင့်, အရွက်-ဆေးမျိုးတို့သည် ပေါက်သစ်စဖြစ်၍ နုသောကြောင့် အစွမ်းသတ္တိ နည်းကုန်၏။

အပလေ အားကြီး၏။ သည်းခြေ ငုပ်၏။ လေပျက်၏၊ ဝမ်းမီး နုန့်၏၊ အပင်ပန်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ မိုးသက်နှင့်အတူပါသော လေအေး။ အဆီ အစေးမရှိ အေးသော သခွား အစရှိသောအစာ၊ တက်သော,အေးသော ဆပ်ပြာ, ပြာ, ဆား အစရှိသော ဆေးတို့ကို ရှောင်ကြဉ်အပ်ကုန်၏။

လေမတိုက်သော အခန်းလုံ, ချွေးအောင်းခြင်း, နှိပ်နယ်ခြင်း, နွားနို့ချဉ်, ကြေလွယ်သော လေကိုနိုင်သော အချို, အဆိမ့်, အငန်, အချဉ် အရသာတို့ကို လည်းကောင်း၊ ကြံစုသီးနှင့် သိန္ဓောကို လည်းကောင်း၊ အစာကြေစေတတ်သော အစပ်, အခါး အရသာတို့ကို လည်းကောင်း၊ ကြည်းကုန်း၌ကျက်စားသော သားငှက်တို့၏ အသားကို လည်းကောင်း၊ ၁ နှစ်လွန်သော သလေးဂျုံတို့ကို လည်းကောင်း၊ ပျားငယ်ရည်, ကျောက်အုတ်စီသော တွင်းကြီးရေတို့ကို လည်းကောင်း၊ မှီဝဲသုံးဆောင်အပ်ကုန်၏။ ကရမက်, ကတိုး, ကုံကုမံ ဤအမွှေး ၃ မျိုးတို့ကိုရောချ၍ လိမ်းကျံရာ၏။ ဖြူစင်သော အဝတ်, ပုဆိုး, စောင်တို့ကို ဝတ်ရုံရာ၏။ မစိုစွတ်သောအရပ်၌ နေရာ၏။

ပန်းရွှေပြည်စာအုပ်တိုက်

mgyoe.com

၂- သရဒဥတု

တော်သလင်း, သီတင်းကျွတ်-၂ လသည် 'သရဒဥတု'မည်၏။

လောကသည် ပူ၏၊ ကောင်းကင်၌ အညစ်အကြေးကင်း၏၊ ဖြူစင်၏၊ အိုင်, အင်း, မြစ်ကမ်းတို့သည် ပေါ်ကုန်၏။ ဟသ်ာ အစရှိသောငှက်တို့ဖြင့် ပြည့်ကုန်၏၊ ချွေးတို့သည် မြူးထူးကုန်၏၊ မြေ အနိမ့်, အမြင့်, အညီအညွတ်တို့သည် ထင်ရှားကုန်၏၊ ရွံ့ညွန် ရှိကုန်၏၊ သစ်ပင်တို့ဖြင့် ပြွမ်းကုန်၏၊ ပဒုမာကြာ, ခေါင်ရန်း, ပိတောက်, ရင်းမာစသောပန်းတို့သည် ပွင့်ကုန်၏၊ အသီး, အပွင့်, အရွက်, အမြစ်-ဆေးတို့သည် သြဇာရှိကုန်၏။

ဝဿာနရတု၌ ဆိုခဲ့သော ငုပ်သောသည်းခြေနှင့် သွေးတို့သည် ပျက်ကုန်၏။ နေပူနှင့် အရှေ့ကလာသော လေ၊ ရေများသောအရပ်၌ ကျက်စားသော သားငှက်မျိုး၊ နွားနို့ချဉ်၊ နေ့၌ အိပ်ခြင်း၊ သေအရက်မျိုး၊ ပုန်းရည်၊ မတ်ပဲ၊ နှမ်း၊ အပူ, အစပ်, အဆီ, အစေးမရှိသော အစာ၊ မေထုန် မှီဝဲခြင်း၊ တက်သောအစာတို့ကို ရှောင်အပ်ကုန်၏။

ထောပတ်၊ အချို၊ အဆိမ့်၊ အခါး၊ အဖန်၊ အေးသော ကြေလွယ်သော အစာ၊ နွားနို့၊ သကြား၊ ငန်သော အရသာ၊ သကြားနှင့်ကြစုသီး၊ ဂျုံ၊ မုယော၊ ပဲနောက်၊ ဂေဘက်ကြီးဆန်, ကြည်းကုန်း၌ကျက်စားသော ငှက်တို့၏ အသားတို့ကို စားသောက်အပ်ကုန်၏၊ ဝမ်းနုတ်ခြင်း, သွေးထုတ်ခြင်းတို့ကို ပြုအပ်ကုန်၏။

နေ့၌ နေပူလှန်း၍ ညဉ့်၌ လရောင်ကို ခံစေသောရေသည် 'အံသုဒက'မည်၏။ ထိုရေကို သောက်အပ်၏။ အံသုဒကရေ ဖြစ်အောင်ကိုလည်း ဥတုအားလျော်စွာ မြစ်ရေကို လုပ်ရာ၏။

စောင်, အဝတ်, လိမ်းကျံရန်အမွှေးတို့မှာလည်း ဝဿာနဥတုတွင် ဆိုသည့်အတိုင်း ပြုအပ်၏။

ချိုသာသောသီချင်းသံ, အတီးအမှုတ်, ပွဲလမ်းသဘင်တို့ကို ကြည့်ရှုနားထောင်ကုန်၏။

mgyoe.com

mgyoe.com
SAMPLE BOOK


## ၃- ဟေမန္တဥတု

တန်ဆောင်မုန်း, နတ်တော်-၂ လသည် 'ဟေမန္တဥတု'မည်၏။

လောကသည် အေး၏၊ လောက မခြောက်။ ဆီးနှင်း များ၏။ မြောက်က လေလာ ၏။ ကျီး, ကျွဲ, သိုး, ဆင်တို့သည် မြူးထူးကုန်၏၊ သစ်မည်စည်, ဆီးဖြူ, ခဝဲ, ခတ္တာ, ဂမုန်း, သဇင် စသောပန်းတို့သည် ပွင့်ကုန်၏။

ချိုခါမ့်သောအရသာရှိသော အမြစ်, အသီး, အရွက်, အပွင့်တို့သည် အားရှိကုန်၏။ လူတို့သည်လည်း အားရှိကုန်၏၊ ဝမ်းမီး ကောင်း၏၊ အဆီ အစေးမရှိသော အစာ၊ ကြေလွယ်သော အစာ၊ လျှော့၍ စားသောက်ခြင်း၊ လေကို ပွားစေတတ်သော ခါးသောအစာ၊ ယပ်လေခတ်ခြင်း၊ ဆီးနှင်း၊ အဖန်၊ အစပ်တို့ကို ကြဉ်ရှောင်အပ်ကုန်၏။

အဆီအစေးများသော အစာ၊ အချို၊ အဆိမ့်၊ အချဉ်၊ အငန်၊ ရေ၌ ကျက်စားသော ငှက်မျိုး၊ တွင်းနှင့်နေသော သားကောင်မျိုးတို့၏ အသား၊ နွားနို့၊ ထောပတ်၊ ဆီဥ၊ သကြား၊ ကောက်ကြီးဆန်၊ ပျားရည်၊ သေအရက်မျိုး၊ အိုင်ကြီးရေ၊ ကြစုသီးနှင့် ချင်းခြောက်၊ မြေအိမ်၊ တိုက်၊ လုံအောင် ပိတ်ဖုံးသော လှည်းရထား၊ ဆင်, မြင်းငှဲ့ဖြင့် သွားလာခြင်းတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏။ သားမွေးပုဆိုး အဝတ်တို့ကို ဝတ်ရုံအပ်ကုန်၏။

ကုံကုမံ, ကရမက်, အကျော်, 'လိပ်သည်း'ခေါ်သည့် အကျော်နက်–ဤအမွှေး ၃ ခုတို့ကို လိမ်းကျံအပ်ကုန်၏။

## ၄- သိသိရဥတု

ပြာသို, တပို့တွဲ-၂ လတို့သည် 'သိသိရဥတု'မည်၏၊

လောကသည် အလွန်အေး၏၊ ဆီနှင်းနည်း၏၊ ရွံ့ညွန်ခြောက်၏၊ ခွာညို, သရက် အစရှိသော ပန်းတို့သည် ပွင့်ကုန်၏၊ သလိပ် ငုပ်၏၊ ဝမ်းမီး ကောင်း၏၊ လေပျက်၏။

ကြဉ်ရှောင်ရန်, မှီဝဲရန်များမှာ ဟေမန္တဥတုနှင့် တူ၏၊ ကြစုသီးနှင့် ပိတ်ချင်းသီးကို စားရသည်သာ ထူး၏။


mgyoe.com

၅- ဝသန္တဥတု

တပေါင်း၊ တန်ခူး-၂ လတို့သည် 'ဝသန္တဥတု' မည်၏၊

လောကသည် စဉ်းငယ် ပူ၏။ ကောင်းကင် ကြည်လင်၏။ အရွက်နုတို့ဖြင့် သစ်ပင်တို့သည် တင့်တယ်ကုန်၏။ ပေါက်၊ ချရား၊ သော်က၊ သရဖီ အစရှိသော ပန်းတို့သည် ပွင့်ကုန်၏။ ဥသြငှက်၊ ပျား၊ ပိတုန်းတို့ဖြင့် ပြွမ်းကုန်၏။

တောင်လေ လာ၏၊ သလိပ် ပျက်၏။ လောက မခြောက်။ ချိုဆိမ့်သော အရသာ ရှိသော အမြစ်၊ အရွက်၊ အသီးမျိုး အားရှိ၏။ အချို၊ အဆိမ့်၊ အဖန်၊ အေးသော ကြေခဲသောအစာ၊ နွေ့ဦး အိပ်ခြင်း၊ တက်သောအစာတို့ကို ကြဉ်ရှောင်အပ်ကုန်၏။

အပင်ပန်းခံခြင်း၊ နှိပ်နယ်ခြင်း၊ အခိုးသောက်ခြင်း၊ ချဉ်စပ်သော အရသာရှိသော အရည်တို့နှင့် လုတ်ဆေးခြင်း၊ မျက်စဉ်းခတ်ခြင်း၊ နှာနှပ်ခြင်း၊ သလိပ်ထွက်အောင် အန်ဆေးတိုက်ခြင်း၊ ကြစုသီးနှင့် ပျားရည်၊ ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏ အသား၊ ထောပတ်ရိုက်၍ကင်သော အသား၊ စိမ့်စမ်းရေ၊ တံခွန်ရေတို့ကို မှီဝဲ သုံးဆောင်အပ်ကုန်၏။

ကရမက်၊ ပရုတ်၊ သားလှကျေးဖူးတို့ကို လိမ်းကျံအပ်ကုန်၏။

ကြေလွယ်သော၊ သလိပ်ကို နိုင်သော အစပ်၊ အပူ၊ အငန်၊ အခါး အရသာတို့ကို စားအပ်ကုန်၏။

ချိပ်၊ ဆူးပန်း၊ ပိန္နဲအစရှိသော ဖန်ရည်တို့ဖြင့်ဆိုးအပ်သော စောင်ပုဆိုးတို့ကို ဝတ်ရုံအပ်ကုန်၏။

၆- ဂိမှဥတု

ကဆုန်၊ နယုန်၂လတို့သည် 'ဂိမှဥတု' မည်၏။

လောကသည် အလွန်ပူ၏၊ အနောက်တောင်ထောင့်က လေပူတိုက်၏၊ စက္ကဝက် ငှက်တို့ဖြင့် ပြွမ်း၏၊ ရေကန်၊ ရေအိုင်တို့၌ ရေသောက်သောသားတို့ဖြင့် ပြွမ်း၏၊ နွယ် မြက်တို့သည် ပျက်စီးကုန်၏၊ စံပယ် အစရှိသောပန်းတို့သည် ပွင့်ကုန်၏၊ လောက ခြောက်၏။

အစပ်၊ အခါး အရသာရှိသော အသီး၊ အရွက်၊ အမြစ်တို့သည် အားရှိကုန်၏။ သည်းခြေပျက်၏၊ လူတို့သည် အားယုတ်ကုန်၏၊ လေငုပ်၏၊


mgyoe.com

အစပ်၊ အချဉ်၊ အငန်၊ အပင်ပန်းခံခြင်း၊ မေထုန်မှီဝဲခြင်း၊ အဆီအစေး မရှိသော ပူသောအစာတို့ကို ကြဉ်ရှောင် အပ်ကုန်၏။

ချိုဆိမ့်သောအရသာ၊ အေးသောဖျော်ရည်၊ အဆီအစေးများသောအစာ၊ သကြားနှင့် လုပ်သော ပေါက်ပေါက်ဆုပ်၊ ကရေကရာ စသောမုန့်၊ ကြည်းကုန်း၌ ကျက်စားသော သားငှက်တို့၏အသား၊ ထောပတ်၊ နွားနို့၊ ကောက်ကြီးဆန်၊ အေးသော တိုက်အိမ်၌ နေ့ကိုအိပ်ခြင်း၊ ယပ်လေခတ်ခြင်း၊ ညဉ့်ကို လရောင်၌အိပ်ခြင်း၊ ရေတံခွန်မှ ထွက်သော ရေအေး၊ ကြစုသီးနှင့် ကြံသကာတို့ကို မှီဝဲသုံးဆောင်အပ်ကုန်၏။

လိမ်းကျံရန် နံ့သာ၊ ဝတ်ရုံရန် အဝတ်ပုဆိုးများမှာ ဝသန္တဥတုနှင့် တူ၏။

## ဥတုသန္ဓိ ယမဒါဋ္ဌာရက်

ဤဆိုခဲ့ပြီးသော ဥတု ၆ ပါးတို့၏ အဆုံး ၇ ရက်တို့သည် 'ဥတုသန္ဓိ' မည်ကုန်၏။

'ရှောင်ကြဉ်ရမည်' ဆိုသော အစားအသောက်၊ အမူအရာတို့ကို ဤဥတုသန္ဓိ၌ အလွန် သတိထား၍ ရှောင်ကြဉ်ရမည်။

သရဒဥတုနှင့် ဟေမန္တဥတုအကြား သီတင်းကျွတ်လ အဆုံး ၈ ရက်၊ **တန်ဆောင်** မုန်းလ၏ အစ ၈ ရက်-ဤ ၁၆ ရက်တို့သည် 'ယမဒါဋ္ဌာရက်' မည်ကုန်၏။ **'သေမင်း၏ အစွယ်နှင့် တူသော ရက်' ဆိုလိုသည်။**

ဤ ၁၆ ရက်တို့၌ အစားအသောက်၊ အနေအထိုင် အခြားဥတု သန္ဓိရက်များထက် ထူး၍ ကြဉ်ရှောင်အပ်ကုန်၏။ ဤယမဒါဋ္ဌာရက်၌ အနာရောဂါဖြစ်လျှင် ဆေးကုခက် သည်။ သေတတ်သည်။

## ၆- နေသွားလမ်း စွဲ၍ ပူခြင်း၊ အေးခြင်း

နေ၏ တောင်၊ မြောက် အယဉ့်ပါး၌ သွားခြင်းကို စွဲ၍လည်းကောင်း၊ တည်နေရာ အရပ်ကို စွဲ၍လည်းကောင်း အပူအအေး၊ မိုးရွာခြင်း၊ တောင်လေ၊ မြောက်လေ အစရှိသော အရပ်လေတို့သည် ဖြစ်ကုန်၏၊ ကောင်းကင်၌ အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်၊ မိုးကုပ်ကုပ်အဆုံးတိုင်အောင် ဒယ်အိုးကင်းကို မှောက်၍ထားသကဲ့သို့ 'စက်ဝန်း၏ ထက်ဝက်' ဟု စိတ်ကထင်မှတ်ပြီးလျှင် စက်ဝန်းအလုံးစုံ၌ အံသာအားဖြင့် ၃၆၀၊ ၁ အံသာလျှင် လိတ္တာ ၆၀၊ အံသာ ၃၀ လျှင် ရာသီ ၁ ခု-စိတ်က မှတ်၍ထားပြီးလျှင်၊


mgyoe.com

 mgyoe.com SAMPLE BOOK 

နေသည် အလယ်မဇ္ဈေလမ်းမှ တောင်သို့ ၂၃ အံသာခွဲထုတ်၍ သွားပြီးလျှင်၊ ပြန်လာ၍၊ ၄င်း မဇ္ဈေလမ်းမှ မြောက်သို့ ၂၃ အံသာ ခွဲဝင်ပြန်၍ တောင်သို့ တစ်ဖန်ထွက်သည်။ ဤသို့ နေသည် အနံ့အားဖြင့် ၄၇ အံသာအတွင်းတွင် တောင်, မြောက် ဖယ်ရှား၍ လှည့်လည်၏၊

ဤ ၄၇ အံသာ နေသွားသောအောက်၌ တည်နေသောအရပ်ဒေသတို့သည် 'ပူသောအရပ်ဒေသ' ဖြစ်ကုန်၏။

**'၁ အံသာ' လျှင် မြေပေါ်၌ မြန်မာတိုင်ပေါင်း ၃၅ တိုင်ခန့် ရှိသည်။-ဟု မှတ်။**

နေသွားလမ်း အတွင်းလမ်း၏မြောက် ၄၃ အံသာခွဲ, အပြင်လမ်း၏တောင် ၄၃ အံသာခွဲအောက်၌ တည်သောအရပ်တို့သည် အပူနည်း၍ အအေးများကုန်၏။ ထိုမှ အကွင်း, အပြင်ကျသော အရပ်တို့သည် နေနှင့်ဝေးသောကြောင့် အလွန်အေးကုန်၏။

ဤ နေသွားအတွင်းလမ်း, အပြင်လမ်း အောက်ကျသောအရပ်ဒေသချင်းပင် တူသော်လည်း အပူ, အအေး မတူ။ တောတောင်အားကြီးရာ၌ အအေး များသည်။ မိုးရွာဖန် များသည်။ ပင်လယ်နီးရာ၌ အပူ အအေးနည်း၍ မိုးရွာဖန် များသည်။ တောတောင်, ပင်လယ်ဝေးသောအရပ်၌ မိုးရွာခြင်း' နည်းသည်။ အပူအား ကြီးသည်။

သို့ဖြစ်၍ ပင်လယ် နားနီးသော အရပ်ဒေသများမှာ နယုန် လပြည့်ကျော်ကစ၍ မိုးရွာပြီးလျှင် သီတင်းကျွတ် လပြည့်ကျော်လျှင် မိုးအလုံး စင်ကြယ်၏။ အခြားဥတုများ၌ မိုးမရွာ။ ထို့ကြောင့် ထိုအရပ်များ၌ အလွန်အေးသော သိသိရဥတု မရှိ။ နယုန်လပြည့်ကျော် ၁ ရက်ကကို သီတင်းကျွတ် လပြည့်နေ့တိုင်အောင် ၄ လလုံးကို ဝဿာနဥတုပြုလုပ်၍ ဥတု ၅ ခုသာ ယူရတော့သည်။

**နေသွားလမ်း အတွင်းလမ်း,အပြင်လမ်း၏ အတွင်း,အပြင်ကျသောအရပ်များမှာ ပူသော ဝသန္တဥတုနှင့် ဂိမှဥတု မရှိ။ ကျန်ဥတု ၄ ခုသာ ရှိသည်။ 'ဟေမန္တစသော ဥတုတို့၌ နေကို မအိပ်ကောင်း' ဆိုသော်လည်း အစာကြေနာရှိသော, လေနာရှိသော သူတို့သည်ကား အိပ်ကောင်း၏။ -ဟု ဆေးကျမ်းတို့တွင် ဆိုသည်။**

---

၁။ ၂၃½ အံသာ။

mgyoe.com

mgyoe.com
SAMPLE BOOK

## ၇- ဒေါသ ၃ ပါး-ငုပ်, ပျက်, ငြိမ်

သလိပ်, သည်းခြေ, လေ-ဤဝတ္ထု ၃ ခုတို့ကို သတ္တဝါ၏ကိုယ်ကို ဖျက်ဆီးတတ်သောကြောင့် 'ဒေါသ ၃ ပါး' ခေါ်သည်။

ထိုဒေါသ ၃ ပါးတို့သည် ပကတိအားဖြင့် ထွက်သင့်ရာထွက်၍ အစာအာဟာရကို အမှီပြုပြီးလျှင် သဘာဝအားဖြင့် ဖြစ်သင့်သည်အတိုင်း ဖြစ်သည်။

- ဖြစ်ပြီးဟောင်းသော သလိပ်, သည်းခြေ, လေတို့ ထွက်မြဲပြင်သို့ မထွက်။ ဤကိုယ်တွင်း၌ အောင်း၍နေသည်ကို 'ငုပ်သည်'ဟု ခေါ်သည်။
- အဟောင်း ပြင်သို့ မထွက်။ အသစ် ထပ်ကာထပ်ကာဖြစ်၍ ပွားများတက်ကြွခြင်းကို 'ပျက်သည်'ဟု ခေါ်သည်။
- အဟောင်းထွက်မြဲထွက်၍ အသစ်ဖြစ်မြဲဖြစ်သည်ကို 'ငြိမ်ဝပ်သည်'ဟု ခေါ်သည်။

၁- သည်းခြေသည် ဝဿာနဥတု၌ ငုပ်၏။ သရဒဥတု၌ ပျက်၏။ ဟေမန္တဥတု၌ ငြိမ်ဝပ်၏။
၂- သလိပ်သည် သိသိရဥတု၌ ငုပ်၏။ ဝသန္တဥတု၌ ပျက်၏။ ဂိမှဥတု၌ ငြိမ်ဝပ်၏။
၃- လေသည် ဂိမှဥတု၌ ငုပ်၏။ ဝဿာနဥတု၌ ပျက်၏။ သရဒဥတု၌ ငြိမ်ဝပ်၏။

ဤကဲ့သို့ ရတု၆ပါး၌ ဒေါသ ၃ပါးတို့သည် သဘောဓမ္မတာအားဖြင့် ငုပ်ခြင်း, ပျက်ခြင်း, ငြိမ်ဝပ်ခြင်းတို့သည် ဖြစ်ကြကုန်၏။

အချိန်အားဖြင့်လည်း

၁- ဝဿာနဥတု၌ ညနေဆည်းဆာအခါ လေပျက်၏။
၂- သရဒဥတု၌ သန်းခေါင်အခါ သည်းခြေ ပျက်၏။
၃- သိသရဥတု၌ ညဥ့်အဆုံး လေပျက်၏။
၄- ဝသန္တဥတု၌ နံနက်အခါ သလိပ်ပျက်၏။
၅- ဂိမှဥတု၌ မွန်းတည့်အခါ သည်းခြေပျက်၏။

နေ့၌ ပထမအပုံသည် သလိပ်ချိန်၊ ဒုတိယအပုံသည် သည်းခြေချိန်၊ တတိယအပုံသည် လေချိန် ကျသောကြောင့်' ဝသန္တဥတု၌ သလိပ်ပျက်၏။'-ဟု ဆိုသော်လည်း သလိပ်ချိန် နံနက်၌ ပျက်သည်၊ ဤသို့ အစရှိသည်ဖြင့် မှတ်အပ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ဒေါသ ၃ ပါး ပျက်လျှင် ဝမ်းနုတ်ခြင်း၊ အန်စေ ခြင်း၊ ချွေးထုတ်ခြင်းတို့ဖြင့် ပွားများသော ဒေါသကို ကုန်ခန်းအောင်ပြုလုပ်သဖြင့် ငြိမ်ဝပ် စေရာ၏။

## ၈- အရပ် ၃ ပါးနှင့် အနာဖြစ်ပုံ

### ၁-ဥဏှကဋိဗန္ဓအရပ်

ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း နေသွားလမ်း မဇ္ဈေ၊ အဗ္ဗော၊ ဗာဟိရ-ဝီထိ ၃ ပါးအောက်ကျသော အရပ်သည် 'ဥဏှကဋိဗန္ဓအရပ်'မည်၏။

ပူ၏။ သွေး၊ သည်းခြေ၊ လေတို့ပျက်တတ်၏။ သွေး၊ သည်းခြေ၊ လေအနာ နှိပ်စက်သူ များ၏။ လူတို့ အသားညိုး၏၊ နက်၏။ မျက်လုံးအလယ်၌ မျက်နက်ဝန်း ရှိ၏။ အားနည်း၏။ ပူသော အရပ်ဖြစ်၍ အလုပ်အဆောင် အတတ်ပညာကို များစွာ အားမထုတ် နိုင်သောကြောင့် အတတ်ပညာ နည်း၏၊ သမာဓိနည်း၏၊ လူရိုင်းမျိုး များ၏။ သားမျိုး၊ ငှက်မျိုး၊ ငါးမျိုးစုံရှိ၏။ အပူအအေးဥတု ၅ မျိုး-၆မျိုး ရှိ၏။

ဂင်္ဂါမြစ်ကမ်းထိပ်တွင် တည်သော ယခု 'ဗာဏာရပ်'ဟု ခေါ်သော ဗာရာဏသီမြို့တွင် နေရိပ် တောင်သို့ ပြန်၍မထွက်ကြောင်းနှင့် ဝိသတိနိပါတ် ရွှေဟံသာမင်းဇာတ်တွင် မြတ်စွာဘုရား ဟောတော်မူသောကြောင့် 'ဗာရာဏသီမြို့သည် အဗ္ဗောဝီထိအောက် ကျကြောင်း'ကို သိရသည်။

'အဗ္ဗောဝီထိမှ နေ တောင်သို့ထွက်ရာ ၃ လ ရှိလျှင်၊ မဇ္ဈေဝီထိသို့ မရောက်မီ အဗ္ဗောဝီထိမှ နေတောင်သို့ ထွက်ရာ ၂ လရှိလျှင် သီဟိုဠ်ကျွန်း ရှေး မင်းနေပြည်ဖြစ်သော အနုရာဓမြို့ပေါ်ဆီ တည့်တည့်သို့ ရောက်ကြောင်း'နှင့် သာရတ္ထဒီပနီဋီကာတွင် ဆိုသည်၊

အဗ္ဗောနှင့် မဇ္ဈေ လည်း ၂၃ အံသာခွဲသာ ကွာသည်။

အဗ္ဗောတောင် မဇ္ဈေရောက်အောင် အတွင်း ၃ ပုံ ၂ ပုံ အောက်တွင် အနုရာဓမြို့တည်သော ကြောင့် 'မဇ္ဈေမြောက်ဘက် ၇ အံသာနှင့် လိတ္တာ ၅၀ အောက်တွင် အနုရာဓမြို့ တည်ကြောင်း'ကို သိရသည်။

### ၂-သမကဋိဗန္ဓအရပ်

အဗ္ဗောဝီထိ မြောက် ၄၃ အံသာခွဲ၊ ဗာဟိရဝီထိ တောင် ၄၃ အံသာခွဲ အောက်ကျ သောအရပ်တို့သည် 'သမကဋိဗန္ဓ အရပ်'မည်၏။

အပူအအေး မျှ၏။ ဒေါသ ၃ ပါး အပျက်အစီး မရှိ၊ ငြိမ်ဝပ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

လူတို့သည် အနာရောဂါနည်း၏။ အသားဖြူ၏၊ အချို့လူတို့မှာ မျက်လုံးကြောင်သောကြောင့် မျက်နှက်ဝန်းမရှိ။ အားကြီး၏။

ပူသောအရပ် မဟုတ်သောကြောင့် အလုပ်အဆောင် အတတ်ပညာကို များစွာ အားထုတ်နိုင်၍ ပညာကြီး၏။ သမာဓိကြီး၏။

ရှားစောင်းပင်၊ ထနောင်းပင်၊ ဆီးပင်၊ ခံပင်အစရှိသော ဆူးရှိသောအပင် မရှိ။

ဤသမကဋိဗန္ဓအရပ်၌ မြောက်စွန်းကျသော သိုးဆောင်းနိုင်ငံ၊ တရုတ်နိုင်ငံများ၌ အေးသောကြောင့် ဆောင်းတွင်းအခါ ရေခဲ၏။ စပါး အမျိုးမျိုး မရှိ။ ဂျုံ၊ ပြောင်းများသာ ရှိ၏။ သစ်သော့၊ သစ်ကျား၊ သစ်အယ်ဖြူ၊ တရုတ်ဆီး၊ သံလွင်၊ ထင်းရှူး၊ သစ်ချပင်များသာ ပေါများ၏။ အခြားသစ်ပင် များစွာမရှိ။ သားမျိုး၊ ငှက်မျိုးလည်း စုံလင်အောင် မရှိ။

ဤသမကဋိဗန္ဓအရပ်၌ လူတို့သည် ဉာဏ်ပညာကြီးသောကြောင့် ပရမတ်နှင့်စပ်သော သတိပဋ္ဌာန်အစရှိသော နက်နဲသောသုတ္တန်ပါဠိတော်တို့ကို မြတ်စွာဘုရားသည် ဤသမကဋိဗန္ဓအရပ်၌ တည်သောအခါ 'ဒင်လီ'ဟု ခေါ်သော ကုရုတိုင်း၌သာ မြတ်စွာဘုရား ဟောတော်မူကြောင်းနှင့် သတိပဋ္ဌာနသုတ်အဋ္ဌကထာတွင် ဖွင့်ဆိုသည်။

## ၃- သီတကဋိဗန္ဓအရပ်

ဤသမကဋိဗန္ဓတောင်စွန်း၊ မြောက်စွန်းမှ တောင်ဘက်၊ မြောက်ဘက်ကျသော အရပ်တို့သည် နေအလွန်ဝေး၍ အလွန်အေးသောကြောင့် 'သီတကဋိဗန္ဓအရပ်'မည်၏။

အလွန်အေး၏။ ချောင်း၊ မြစ်၊ ပင်လယ်တို့၌ များသောအားဖြင့် ရေသည် ခဲလျက်တည်ရှိ၏။ လေ၊ သလိပ် ပျက်၏။

လူ၊ သားငှက်၊ တိရစ္ဆာန်၊ သစ်ပင်တို့သည် အနည်းငယ်မျှ ရှိ၏။ ရှိသောလူတို့သည်လည်း အတတ်ပညာ၊ အလုပ်အဆောင်များကို များစွာ မသင်မကြား မလုပ်မဆောင်နိုင်။ သားရေကို နူးညံ့အောင်လုပ်၍ ဝတ်ဆင်ကြရ၏။ သားမွေးတို့ကို ဝတ်ဆင်ကြရ၏။ အေးလှသောကြောင့် ပိုးချည်၊ လျှော်အဝတ်တို့ကို မဝတ်နိုင်။ လူတို့သည် အသားဖြူ၏။ မျက်လုံးဖြူ၏။ ဆံပင်ဝါ၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုအရပ် ၃ မျိုးတွင်လည်း ဥဏှကဋိဗန္ဓအရပ်နှင့် သမကဋိဗန္ဓအရပ်၌ ၁ မျိုးလျှင် 'အနူပ, ဇင်္ဂလ, သာဓာရဏအရပ်' ဟူ၍ ၃ မျိုးစီ ပြား၏။

သီတကဋိဗန္ဓအရပ်၌ကား အေးသော ဥတု ၁ ခုသာရှိသောကြောင့် အရပ်အထူးအခြားမရှိ။ တစ်မျိုးတည်းဖြစ်၏။

ထိုအနူပ, ဇင်္ဂလ, သာဓာရဏ-အရပ် ၃ မျိုးတို့တွင်...

**- အနူပအရပ်**

မြစ်, ချောင်း, အင်း, အိုင်, တောတောင်တို့နှင့်ပြည့်စုံသော၊ ပွင့်သောကြာပန်းတို့နှင့် ယှဉ်သော၊ ငန်း, ဝမ်းဘဲ, မယ်ညို, စင်ရော်, မြစ်တွေး, စက္ကဝက်အစရှိသော ငှက်တို့သည် မှီဝဲအပ်သော၊ ဝက်, ကြံ့, ကျွဲ, ဆတ်, ပြောင်, ဆင် အစရှိသော သားမျိုးတို့ဖြင့်ပြွမ်းသော၊ များသောသစ်ပင်နှင့် ပြည့်စုံသော အသီးရှိသော၊ ညိုသော ကောက်ပင်နှင့်ယှဉ်သော များစွာသော လယ်ယာ, ငှက်ပျောပင်, ကြံပင်တို့ဖြင့် တင့်တယ်သောအရပ်သည် 'အနူပ အရပ်' မည်၏။ 'စိုပြည်သောအရပ်' ဆိုလိုသည်။

အေး၏၊ စိုစွတ်၏၊ လေနာ, သလိပ်နာ ဖြစ်တတ်၏။ ဝမ်းမီး နုံ့၏။ အစာကြေခဲ၏။ ဝမ်းပျက်နာ, ဝမ်းသက်နာ ဖြစ်တတ်၏။ ငှက် သင့်တတ်၏။

ထိုအရပ်၌ နေသော ယူသည် ဗေရှိ၍ ဝမ်းဗိုက်ကြီးတတ်၏။ သလုံးသားကြီး၏။ သားမြတ်ကြီး၏။ ဖောင်းပွသောအသား ရှိ၏။ အားနည်း၏။

**- ဇင်္ဂလအရပ်**

ကွင်းပြင်, ချောက်, တွင်း, ကျောက်စရစ်ကုန်းတို့နှင့် ယှဉ်သော၊ မိုးတွင်းအခါသော်လည်းကောင်း ရေနည်းသော၊ ပျဉ်းပင်, ခံတက်, ဥသျှစ်, မုရိုး, ခံ, ပေါင်ပဲ့, ထနောင်း, ရှားစောင်း, ဆီးပင်တို့ဖြင့် ပြွမ်းသော၊ သမင်, ချေ, ဒရယ်, ယုန်, စိုင်, ဝံ, သားကောင် တို့ဖြင့်လည်း ပြွမ်းသောအရပ်သည် 'ဇင်္ဂလအရပ်' မည်၏။ 'ကြည်းကုန်း' ဆိုလိုသည်။

ထိုအရပ်သည် ပူ၏။ လေ,သည်းခြေ, သွေး ပျက်တတ်၏။



mgyoe.com

SAMPLE BOOK


- သာဓာရဏာအရပ်

ဤသို့ဆိုခဲ့ပြီးသော လက္ခဏာ ၂ ပါးနှင့်ယှဉ်သော အရပ်သည် 'သာဓာရဏာအရပ်' မည်၏။

သလိပ်, သည်းခြေ, လေဒေါသ ၃ ပါးတို့သည် အပျက်အစီးမရှိ၊ ငြိမ်ဝပ်၏။

မန္တလေးမြို့သည်ကား မဇ္ဈေဝိသမှ မြောက်ဘက် ၂၂ အံသာ ၈ လိတ္တာအောက်၌ကျသော ကြောင့် ဥဏှကဋိဗန္ဓအတွင်း၌ ဖြစ်၏။ အရပ် ၃ မျိုးတို့၏ လက္ခဏာတို့တွင် ဇင်္ဂလအရပ်လက္ခဏာနှင့်ညီသော 'ဇင်္ဂလအရပ်'ဖြစ်၏။

ဤသို့ ဆိုခဲ့ပြီးသောစကားတို့ဖြင့် 'ဥတုဘောဇနသင်္ဂဟကျမ်း'၌
ဥတုအရပ်ဒေသတို့ကို ဆိုရာဖြစ်သော ပထမပိုင်း ပြီး၏။
ပထမကဏ္ဍ ပြီး၏။

*


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com

အပိုင်း-၂

ဒုတိယကဏ္ဍ

## အသက်အရွယ်, ကိုယ်ပုံကို ပြခြင်း

### ၉-ဆေးကျမ်းအလို အရွယ် ၃ ပါး

၁-ဗာလအရွယ်

လူတို့၏အရွယ်သည် ဆေးကျမ်းဆရာတို့ အလိုအားဖြင့် 'ဗာလ, မဇ္ဈိမ, ဝုဒ္ဓ'-ဟူ၍ အရွယ် ၃ပါး ရှိ၏။ ထို ၃ ပါးတို့တွင်

※ မွေးသည်မှ တစ်ဆယ့်ခြောက်နှစ်အတွင်း 'ဗာလ'မည်၏။ သူငယ်ဆိုလိုသည်။

- ဤဗာလသည်လည်း မွေးသည်မှ ၁ နှစ်အတွင်း နို့ကိုသာ သက်သက်စို့ရသောကြောင့် 'ဒုဒ္ဓါသီ'မည်၏။
- ၁ နှစ်ကကို ၂ နှစ်တိုင်အောင် နို့နှင့် အစာနှစ်ပါး ရော၍ စို့ရ စားသောက်ရသောကြောင့် 'ဒုဒ္ဓန္နာသီ'မည်၏။
- ၂ နှစ်အထက် ၁၆ နှစ်အတွင်း နို့ကို မစို့။ အစာကိုသာ စားသောကြောင့် 'အန္နာသီ'မည်၏။

ဗာလအရွယ်၌ များသောအားဖြင့် သလိပ်ပျက်၏။ သလိပ်နာ ဖြစ်တတ်၏။

၂-မဇ္ဈိမအရွယ်

※ ၁၆ နှစ်က အသက် ၇၀ တိုင်အောင်- 'မဇ္ဈိမ'မည်၏။

- ထို မဇ္ဈိမ၌လည်း ၃၂ နှစ်အတွင်း၌ 'ယုဝ'မည်၏။
- အသက် ၄၀ တိုင်အောင် 'တိဋ္ဌ'မည်၏။
- ထိုနောက် အသက် ၇၀ တိုင်အောင် 'ခီဏ'မည်၏။

မဇ္ဈိမအရွယ်၌ သည်းခြေပျက်၏၊ သည်းခြေနာ ဖြစ်တတ်၏။


mgyoe.com

၃- ဝုဍ္ဎအရွယ်

၇၀ က အထက် 'ဝုဍ္ဎ'မည်၏။

တစ်နေ့ထက်တစ်နေ့ အားခွန်ဆုတ်ယုတ်၍ အမှုမျိုးကို မဆောင်ရွက်နိုင်။ ချောင်းဆိုးခြင်း, မောပန်းခြင်း အစရှိသည်တို့သည် ဖြစ်ကုန်၏။ ဝုဍ္ဎအရွယ်၌ လေပျက်၏၊ လေနာ ဖြစ်လတ်၏။

ဗာလအရွယ်၌ သူငယ်နာဆေးကို ပေးရသည်။ ဆေးချိန်ကိုလည်း လျှော့၍ ပေးရသည်။
မဇ္ဈိမ အရွယ်၌ ဆေးကျမ်းတွင် ဆိုသည့်အတိုင်း ဆေးချိန်ကို အပြည့်ပေးရသည်။
ဝုဍ္ဎ အရွယ်၌လည်း ဆေးချိန်ကို လျှော့၍ ပေးရသည်။

ဝိသုဒ္ဓိမဂ် အစရှိသော သာသနာတော် ကျမ်းဂန်တို့၌ကား...

- ဖွားသည်မှ ၃၃ နှစ်သည် ပထမအရွယ်။
- ၃၃ နှစ်မှ ၆၇ နှစ်တိုင်အောင် ဒုတိယအရွယ်။
- ထို့နောက် အသက် ၁၀၀ တိုင်အောင် တတိယအရွယ်။- ဟူ၍ ဆို၏။

ငါတို့ဘုရားမယ်တော် မာယာဒေဝီမိဖုရားကြီးသည် ပထမအရွယ် ၃၃ နှစ်ကို လွန်ပြီးနောက်၊ ဒုတိယအရွယ် ၃၄ နှစ်ကို ၃ ပုံ ပုံ၍ ၂ ပုံအလွန်တွင် အလောင်းတော်သိဒ္ဓတ်မင်းသားကို ဖွားမြင်သည်။-ဟု ဆိုသောကြောင့် သိဒ္ဓတ်မင်းသားကို ဖွားသောအခါ မယ်တော်အသက် ၅၀ နှစ်သို့ အဝင်ရှိပြီ။-ဟု သိအပ်၏။

❖

## ၁၀-အရွယ် ၁၀ပါး ပိုင်းခြားပုံ

တစ်နည်းလည်း

၁- မွေးသည်မှ ၁၀ နှစ်တိုင်အောင် မန္ဒဒသက။
အကျိုးအပြစ်ကို ကောင်းစွာမသိ မိုက်သောအရွယ်။

၂- ထို့နောက် ၁၀ နှစ်သည် ခိဍ္ဍာဒသက။
အလွန် ပျော်ပါးမြူးထူးလိုသောအရွယ်။


mgyoe.com

SAMPLE BOOK

၃- ၂၁ နှစ်ကစ၍ အသက် ၃၀ တိုင်အောင် ၁၀ နှစ်သည် ဝဏ္ဏဒသက။
ဤဘဝတွင် ရုပ်အဆင်း လှရန်ရှိသမျှ ဤ ၁၀ နှစ်အတွင်းတွင် အကုန်လှပတင့်တယ်၏။

၄- ၃၁ နှစ်ကကို ၄၀ တိုင်အောင် ၁၀ နှစ်သည် ဗလဒသက။
ဤဘဝတွင် အားကြီးရန်ရှိသမျှ အကုန်ကြီး၏။

၅- ၄၁ နှစ်ကကို ၅၀ တိုင်အောင် ၁၀ နှစ်သည် ပညာဒသက။
ဤဘဝတွင် ပညာကြီးရန်ရှိသမျှ အကုန်ကြီး၏။

၆- ၅၁ နှစ်ကစ၍ ၆၀ တိုင်အောင် ၁၀ နှစ်သည် ဟာနိဒသက။
ရုပ်အဆင်း, အားခွန်, အသိပညာတို့သည် ၁ နှစ်အောက် ၁ နှစ် ဆုတ်၏။

၇- ၆၁ နှစ်ကကို ၇၀ တိုင်အောင် ၁၀ နှစ်သည် ပဗ္ဘာရဒသက။
အရေရှုံ့သော အရွယ်။

၈- ၇၁ နှစ်ကကို ၈၀ တိုင်အောင် ၁၀ နှစ်သည် ဝင်္ကဒသက။
ခါးကုန်းသည့်အရွယ်။

၉- ၈၁ နှစ်ကကို ၉၀ တိုင်အောင် ၁၀ နှစ်သည် မောမူဟဒသက။
တွေဝေမိန်းမောခြင်း များ၏။ သူငယ် ပြန်တတ်၏။

၁၀- ၉၁ နှစ်ကကို အသက် ၁၀၀ တိုင်အောင် ၁၀ နှစ်သည် သယနဒသက။
အိပ်ရာ၌သာ အိပ်နေရသောအရွယ် ဖြစ်၏။

ဤ အရွယ် ၁၀ ပါး ပိုင်းခြားခြင်းသည် နာမ်, ရုပ်တို့၏ သဘောဓမ္မတာ ဖြစ်ပုံအတိုင်း ပိုင်းခြားခြင်းတည်း။ ထို့ကြောင့် လူတို့သည် ၁၀ နှစ်ရှိလျှင် စိတ် ၁ ပုံ ပြောင်းသည်။ ရုပ် ၁ ပုံ ပြောင်းသည်။

## အသက်တမ်း

※ သုသုတဆေးကျမ်း၌ 'အနှစ် ၁၀၀ ရှိလျှင် အသက်တမ်း ၁ နှစ် ယုတ်သည်။' ဟု အချို့ဆေးကျမ်းဆရာတို့ပြောဆိုကြောင်းနှင့် ပါသည်။

※ မဟာသုတသောမဇာတ်၌ ပေါရိသာဒပေးသောဆုတို့ကို မဟာသုတသောမမင်းကြီးယူရာ၊ ''သင် ပေါရိသာဒ အသက် ၁၀၀ ရှည်၍ အနာကင်းသည်ကို မြင်လို ၏။''ဟု ဆိုသည်ကိုထောက်၍ မဟာသုတသောမမင်းများလက်ထက် 'အနှစ် ၁၀၀ သက်တမ်း'-ဟူ၍ သိရသည်။


mgyoe.com

※ ဘလ္လာတိယဇာတ်၌ ကိန္နရာနှင့် မင်း တွေ့၍၊ 'လူတို့မှာ အသက်မည်မျှရှည်သနည်း။'-ဟု မေးရာ၊ မင်းက 'အနှစ် ၁၀၀ ရှည်ကြောင်း'နှင့် ပြောသည်။ 'ကိန္နရာတို့မှာ အသက်မည်မျှ ရှည်သနည်း။'မေးပြန်ရာ 'ကိန္နရာတို့မှာ အနှစ် ၅၀၀ ရှည်ကြောင်း'နှင့် ပြောသည်ကို ထောက်၍လည်း ထိုအခါ 'အနှစ် ၁၀၀ တမ်း'ကိုပင် သိရသည်။

※ ငါတို့ဘုရားလောင်း ဝေဿန္တရာမင်းဖြစ်စဉ်ကာလလည်း အနှစ် ၁၀၀ တမ်းဖြစ်ကြောင်းနှင့် ၄င်းဇာတ်တွင် ပါရှိသည်။

ဝေဿန္တရာမင်းကြီး သေလွန်ပြီးနောက် တုသိတာနတ်ပြည်မှာဖြစ်၍ အခြားမှာ မဖြစ်ပြီ။ သိဒ္ဓတ်မင်းသား ဖြစ်တော့သည်။ ဤသိဒ္ဓတ်မင်းသား ဘုရားဖြစ်ပြန်လျှင် 'တေရဟိ ဘိက္ခဝေ ဝဿသတံ အပ္ပံ ဝါ ဘိယျော'အစရှိသဖြင့် ဟောတော်မူသောကြောင့် ဘုရားလက်ထက်ကလည်း 'အသက် ၁၀၀ တမ်း'ဟုပင် သိရ၏။

အသက် ၁၀၀ တမ်းပင် ဆိုသော်လည်း ဤပါဠိတော်ကို ထောက်၍ ၁၀၀ ထက် စဉ်းငယ်ပိုသည်၊ ၁၀၀ အောက် စဉ်းငယ်လျော့သည်ကိုလည်း သိသာ၏။ ၁၀၀ ထက် ပိုသော်လည်း ၂၀၀ တိုင်အောင် အသက် မရှည်နိုင်ပြီ။-ဟု ၄င်းအဋ္ဌကထာတို့တွင် ဖွင့်သည်။

※ ဝိနယဂုဠတ္ထဒီပနီကျမ်းတွင် 'သာသနာ ၅၀၀၀ မကုန်မချင်း အနှစ် ၁၀၀ တမ်းသာ။'-ဟု ဆိုသည်များကို ထောက်၍၊ 'အနှစ် ၁၀၀ လျှင် အသက်တမ်း ၁ နှစ်ယုတ်၏။-'ဟု ဆိုသောစကားကို မမှတ်အပ်။

※ ဗြို့ဟတ်ကျမ်းတွင်လည်း 'လူတို့၏ အသက် ၁၀၀ နှင့် ၅ ရက်'ဟူ၍ အာယုဒါယ ပိုင်းတွင် ဆိုသည်။ 'ဆင်တို့၏ အသက်တမ်းလည်း လူနှင့်တူသည်။'-ဟု ဆိုသည်။ ထို့ကြောင့် ဆင်သည်လည်း လူကဲ့သို့ပင် အသက် ၆၀ ရှိလျှင် အားခွန်ယုတ်သည်ဖြစ်၍၊ ဆင်ကိုပါဠိဘာသာအားဖြင့် 'သဋ္ဌိဟာယန'ဟူ၍လည်း ခေါ်သည်။

※ ဝိသောတ္တရိဒသာကျမ်း၌မူကား လူတို့ အသက်တမ်းကို ၁၂၀ ထားသည်။

※ အဋ္ဌောတ္တရိဒသာကျမ်း၌ကား လူတို့ အသက်ကို ၁၀၈ နှစ် ထား၍၊ ဤ ၁၀၈ နှစ်ကို ဂြိုဟ် ၈ လုံးနှင့် ဝေဖန်ပြီးလျှင်၊ တနင်္ဂနွေဂြိုဟ်၌ ၆ နှစ်၊


mgyoe.com

တနင်္လာ၌ ၁၅ နှစ်၊ အင်္ဂါ၌ ၈ နှစ် ဤသို့စသည်ဖြင့် ဂြိုဟ်သက်ကို ဝေငှ၍ထားသည်။ ဤဂြိုလ်သက်အတိုင်းပင် မြန်မာလူမျိုးတို့မှာ လည်း ဂြိုဟ်စား သက်ရောက်သည်ကို ဟောကြသည်။

❖

## ၁၁-ခန္ဓာကိုယ် အပိန်,အဝအလိုက် ဥပဒ်ဖြစ်တတ်ပုံ

လူတို့၌ 'ဝသော ကိုယ်, ပိန်သောကိုယ်, အလတ်သောကိုယ်' ဟူ၍ ကိုယ် ၃ မျိုး ရှိသည်။ ထို ၃ မျိုးတို့တွင်

- ဝသောသူ၌ သလိပ်, လေ ပျက်တတ်၏။ အဆီခဲအားကြီး၍ သွေး, လေတို့ သွားလာရာလမ်းကို အဆီခဲပိတ်ပြီးလျှင် ရောဂါဖြစ်တတ်သည်။
- ပိန်သောသူ၌ သွေး, သည်းခြေ, လေ ပျက်တတ်သည်။
- အလတ် လျစ်လျူဖြစ်သောသူ၌ ဒေါသ ၃ ပါး အပျက်အစီး မရှိ။ အနာရောဂါ ကင်း၏။

ထိုကြောင့် ဆေးကျမ်းတို့၌

'ပိန်သောသူကို လေ, သည်းခြေနိုင်သော ဆေးကိုပေး ၍ သားပြုတ်ရည်, သားဟင်းမျိုး, နွားနို့ အစရှိသော ဝစေတတ်သောအစာကို ပေးရမည်။' ဟူ၍ ဆို၏။

'ဝသောသူကို လေ, သလိပ်ကို နိုင်သော တြိကဋုက် ၃ ပါး, ပဉ္စကူ ၅ ပါး စသောဆေးတို့ကို ပျားရည်နှင့် လူပိန်အောင် ပေးရမည်။ အဆီခဲကို ကြေစေတတ်သော ပြာဆားများကို ပေးရမည်။ အဆီအစေးရှိသော အစာ, အချို, အဆိမ့်အရသာများကို ကြဉ်ရှောင်စေရမည်။'-ဟူ၍ ဆို၏။

ဤသို့ ဆိုခဲ့ပြီးသောစကားဖြင့် 'ဥတုဘောဇနသင်္ဂဟကျမ်း'၌
အသက်အရွယ်, ကိုယ်ပုံတို့ကို ပြဆိုသော ဒုတိယပိုင်း ပြီး၏။
ဒုတိယကဏ္ဍ ပြီး၏။

✳



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

SAMPLE BOOK


## အပိုင်း-၃
## တတိယပကရဏ

### အသက်ရှည်ရာအကျင့်ကို ပြခြင်း

### ၁၂-ဗြဟ္မမုဟုတ္တအခါ၌ ပြုကျင့်ဖွယ်

နေမထွက်မီ ၂ နာရီ ၂ မောင်းသည် 'ဗြဟ္မမုဟုတ္တ'မည်၏။

ထို ဗြဟ္မမုဟုတ္တအခါ၌ အိပ်ရာမှထ၍၊ ရှေးဦးစွာ ရတနာ ၃ ပါးကို အောက်မေ့၍ ဂုဏ်တော်များကို ရွတ်ရာ၏။

ထို့နောင် နွားနို့ချဉ်၊ ထောပတ်၊ ဂေါရာဇဥ်း၊ ဥသျှစ်သီး၊ ဥသျှစ်ရွက်တို့ကို မင်္ဂလာရှိအောင် အိပ်ရာမှ ထလျှင်ထချင်း ကြည့်ရှုရာ၏။

ထို့နောက် ကျင်ကြီး၊ ကျင်ငယ်တို့ကို မအောင့်မချုပ်သွားရာ၏။ အလွန်အားမထုတ်ဘဲ သွားစေရာ၏။ လေ၊ ကျင်ကြီး၊ ကျင်ငယ်၊ ချောင်းဆိုးလိုခြင်း၊ ချေဆတ်လိုခြင်း၊ အန်လိုခြင်း၊ ကြို့ထိုးလိုခြင်း၊ အိပ်လိုခြင်း အစရှိသော အဟုန်တို့ကို တစ်ရံတစ်ဆစ်မျှ မတားမမြစ်ရာ။ အောင့်လျှင် ရောဂါဥပဒ်ရောက်တတ်သည်။

ထို့နောင် အချိုသစ်သားတို့တွင် သစ်မယ်ဇယ်သား၊ အစပ်မျိုးတို့တွင် သင်းဝင်၊ အခါးမျိုးတို့တွင် တမာ၊ အဖန်မျိုးတို့တွင် ရှားသားတို့ကို လုပ်သောအလုံးလက်သန်းဖျား ခန့် ဖြောင့်သော အဆစ်အနာမရှိသော အရှည် ၁၀ သစ် ၁၂ သစ်ရှိသော ဒန်ပူကိုစား၍၊ တြိတချုက် ၃ ပါးမှုန့်ကို ပျားရည်နှင့် ဖျော်၍ဖြစ်စေ၊ သိန္ဓောဆားကို ဆီနှင့် ဖျော်၍ ဖြစ်စေ သွားကိုပွတ်ပြီးလျှင်၊ လျှာကို ခြစ်၍မျက်နှာသစ်ရာ၏။

ညဥ့်ကို ကျင်ကြီး၊ ကျင်ငယ်သွားလျှင် တောင်သို့ မျက်နှာပြုရမည်။ နေ့ကို သွားလျှင် မြောက်သို့ မျက်နှာပြုရမည်။


mgyoe.com